ကန့်သတ်

# မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း

( မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်သည် )

# ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

# (Constitution)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၊ (၂၆) ရက်။

# မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း

# ဖွဲ့စည်းပုံအခြေခံမှတ်တမ်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။` | အသင်းအမည် | |
| ၂။ | တည်နေရာ | |
| ၃။ | အသင်း၏ရည်ရွယ်ချက် | |
| ၄။ | အသင်း၏လုပ်ငန်းတာဝန်များ | |
| ၅။ | အသင်း၏စည်းကမ်းချက်များ | |
| ၆။ | ပြဌာန်းဥပဒေများလိုက်နာရန် | |
| ၇။ | လက်မှတ်ရေးထိုးသောပုဂ္ဂိုလ်များ | |

# မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း

## မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၆အရ ဖွဲ့စည်းတည်ထောင်သည်

## ၏

## ဖွဲ့စည်းပုံအခြေခံမှတ်တမ်း

**အမည်**

၁။ ဤအသင်းကို "မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း"ဟူ၍ လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် (Myanmar Pharmaceutical and Medical Equipment Entrepreneurs' Association) ဟူ၍ လည်းကောင်း ခေါ်တွင်စေရမည်။

**တည်နေရာ**

၂။ အသင်း၏ မှတ်ပုံတင်သော တည်နေရာမှာ ရန်ကုန်မြို့တွင်ရှိစေရမည်။ အသင်း၏ အသင်းချုပ်သည် တခြားကွဲလွဲသော သတ်မှတ်ချက်တစ်စုံတစ်ရာမရှိလျှင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် တည်ရှိစေရမည်။

**ရည်ရွယ်ချက်**

၃။ အသင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) မြန်မာနိုင်ငံတွင် ဆေးနှင့်ဆေးပစ္စည်းထုတ်လုပ်မှု ကုန်သွယ်မှုနှင့် ဖြန့်ဖြူးမှုဆောင်ရွက်နေသော ကုန်သည်များနှင့် လုပ်ငန်းရှင်များအား စနစ်တကျစုစည်းပြီး နိုင်ငံတကာအဆင့်ရှိ တစ်စုတစ်စည်း တည်းသော ခိုင်မာသည့် အသင်းဖွဲ့စည်းရန်၊

(ခ) မြန်မာနိုင်ငံ၏ ဆေးနှင့်ဆေးပစ္စည်းထုတ်လုပ်မှု ကုန်သွယ်မှုနှင့် ဖြန့်ဖြူးမှုလုပ်ငန်းများကို တိုးတက် ဖွံ့ဖြိုးမှုအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အောင်မြင်စေရေးအတွက် ကူညီပံ့ပိုး ဆောင်ရွက်ရန်၊

(ဃ) အသင်းသားအချင်းချင်း တူညီသောရည်မှန်းချက်များဖြင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ရန်၊

(င) ပြည်တွင်း၊ ပြည်ပမှ ညီနောင်အဖွဲ့အစည်းများ မိတ်ဖက်အဖွဲ့အစည်းများနှင့် အပြုသဘော ဆက်ဆံ၍ အလုပ်သဘောအားဖြင့် အပြန်အလှန် ရိုင်းပင်းကူညီ ဆောင်ရွက်ရန်၊

(စ) အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ် ကင်းရှင်းသော ဆေးဝါးများကို အများပြည်သူ တို့ သုံးစွဲနိုင်စေရန်၊

(ဆ) မြန်မာနိုင်ငံအတွက် အရည်အသွေးပြည့်မီသည့် ဆေးနှင့်ဆေးပစ္စည်းများ လုံလောက်စွာ ရရှိစေပြီး နိုင်ငံတစ်ဝန်းလုံးသို့ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးနိုင်စေရန်၊

(ဇ) နိုင်ငံတကာနှင့်ဆက်ဆံ၍ အတွေ့အကြုံနှင့် ကျွမ်းကျင်မှု အကူအညီများ ရယူရန်၊

(ဈ) အသင်းသားတစ်ဦးချင်း အရည်အချင်း၊ အသိပညာနှင့် ကိုယ့်ကျင့်တရား(Ethics) တိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် လိုအပ်သော အစီအစဉ်များ ဆွေးနွေးပွဲများ အတွေ့အကြုံဖလှယ်မှုများ ပညာပေးသင်တန်းများ လုပ်ငန်းခွင်သင်တန်းများကို ပြည်ပ လေ့လာရေးခရီးစဉ်များနှင့် ဆေးနှင့်ဆေးပစ္စည်းပြပွဲများကို အသင်းက စီစဉ်ပေးရန် (သို့မဟုတ်) ပံ့ပိုးကူညီ ဆောင်ရွက်ရန်၊

(ည) ဆေးနှင့်ဆေးပစ္စည်း ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဖြန့်ဖြူးမှုနှင့် စပ်လျဉ်း၍ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း သတင်းအချက်အလက် စုဆောင်းခြင်းနှင့် ဖြန့်ဝေခြင်းလုပ်ငန်း တို့ကို ဆောင်ရွက်ရန်၊

(ဋ) အသင်းသားများ၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်များ၊ အကျိုးခံစားခွင့်များ၊ အခက်အခဲများ နှင့် ပြဿနာရပ်များကို သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများ (သို့မဟုတ်) သက်ဆိုင်ရာ အာဏာပိုင်ပုဂ္ဂိုလ်များအားတင်ပြ၍ တောင်းဆိုခြင်း(သို့မဟုတ်) ဖြေရှင်းခြင်း ဆောင်ရွက်ရန်၊

## လုပ်ငန်းတာဝန်

၄။ အသင်း၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) အရည်အသွေးစစ်မှန် ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းကာ အကျိုးသက်ရောက်မှုရှိသော ဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန်၊

(ခ) ဆေးနှင့်ဆေးပစ္စည်းများ ပိုမိုရရှိရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့် တိုးမြင့် လာရေး အတွက် ရှေ့ရှုဆောင်ရွက်ရန်၊

(ဂ) မြန်မာနိုင်ငံတွင် ဆေးနှင့်ဆေးပစ္စည်းများ ပိုမိုတိုးတက် ထွက်ရှိလာစေရေးအတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်၊

(ဃ) ဆေးနှင့်ဆေးပစ္စည်း ဂယ်ယူရောင်းချရာတွင် နိုင်ငံတော်က ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း များကို လိုက်နာဆောင်ရွက်ရန်၊

(င) ဆေးနှင့်ဆေးပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းများကို ခေတ်မှီ ကုန်သွယ်မှု နည်းစနစ်များ နှင့် အညီ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊

(စ) ဆေးနှင့်ဆေးပစ္စည်း ထုတ်လုပ်ရောင်းဝယ်ခြင်းနှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးရေးလုပ်ငန်း သုတေသနနှင့် သတင်းအချက်အလက် စုဆောင်းစီစစ် ဖြန့်ချိခြင်းလုပ်ငန်း၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲများနှင့် ဆီလျော်သော အခြားဝန်ဆောင်မှုလုပ်ငန်းတို့ကို ဆောင်ရွက်ရန်၊

(ဆ) အသင်းသားများ၏ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အကျိုးခံစားခွင့်များနှင့် အခက်အခဲ ပြဿနာရပ်များကို သက်ဆိုင်ရာအစိုးရဌာနများ၊ လုပ်ငန်းဌာနများ၊ အဖွဲ့အစည်းများနှင့် အကြောင်းအားလျော်စွာ ဆက်သွယ်ဆောင်ရွက်ရန်၊

(ဇ) ဆေးနှင့်ဆေးပစ္စည်းများ ရောင်းဝယ်ခြင်း၊ လုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတကာနှင့် ဆက်သွယ် ဆောင်ရွက်ရန်၊

(ဈ) သက်ဆိုင်ရာအသင်းသားများ၏ အငြင်းပွားမှုကို ညှိနှိုင်းဖြေရှင်းရာတွင် မပြီးပြတ်၍ ပြေလည်မှု မရသော ကူးသန်းရောင်းဝယ်မှုဆိုင်ရာ အငြင်းပွားမှုများအတွက် အသင်းမှ တည်ဆဲ ဥပဒေများနှင့် အညီ ခုံသမာဓိအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပေးရန်၊

## စည်းကမ်းချက်များ

## ၅။ (က) အသင်းကလိုက်နာရန် စည်းကမ်းချက်များမှာ -

(၁) အသင်းကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည့် အစိုးရမဟုတ်သောအဖွဲ့အစည်း (Non-Governmental Organization) အဖြစ် ဖွဲ့စည်းရမည်။

(၂) အသင်း၏ လုပ်ငန်းများကို နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာမူဝါဒများ၊ ဥပဒေများ၊ စည်းကမ်းများနှင့် အညီ ဆောင်ရွက်ရမည်။

(၃) တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များအရ ခွင့်ပြုထားသော လုပ်ငန်းများကိုသာ လုပ်ဆောင်ရမည်။

(၄) အသင်းပိုင်ပစ္စည်းများနှင့် အကျိုးအမြတ်ငွေများကို အသင်း၏ရည်ရွယ်ချက်များ ထမြောက်အောင်မြင် စေရန်သာ အသုံးပြုရမည်။

(၅) အမြတ်အစွန်းများအား အသင်းသားများအား ခွဲဝေပေးခြင်း မပြုရ။

(၆) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများဖြည့်စွက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း (သို့မဟုတ်) ပယ်ဖျက်ခြင်းတို့ ပြုလုပ်လိုလျှင် နှစ်ပတ်လည် (သို့မဟုတ်) အထူးအသင်း အစည်းအဝေး တင်ပြ၍ အတည်ပြုချက် ရယူဆောင်ရွက်ရမည်။

(၇) အသင်း၏ အလုပ်အမှုဆောင်အဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့များ ဖွဲ့စည်းခြင်း အဖွဲ့ဝင်များ ရွေးချယ်တာဝန်ပေးခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(၈) အသင်း၏ လုပ်ငန်းတိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အခါအားလျော်စွာ ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ရမည်။

## (ခ) အသင်းသားများလိုက်နာရန် စည်းကမ်းသတ်မှတ်ချက်

အသင်းသားများသည် အောက်ပါ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရမည်-

(၁) အသင်းပိုင်ပစ္စည်းများကို မိမိကိုယ်ကျိုးအတွက် အမြတ်ခွဲဝေရယူရန် အလို့ငှာ ငွေသားအားဖြင့် သော်လည်းကောင်း၊ ရုပ်ဝတ္ထုပစ္စည်းအားဖြင့်သော်လည်းကောင်း၊ ဆုအဖြစ် သော်လည်း ကောင်း၊ အခြားတစ်နည်းနည်းဖြင့် သော်လည်းကောင်း၊ မည်သူ့အားမဆို တစ်နည်းနည်းဖြင့် လွှဲပြောင်း ပေးကမ်းခြင်း(သို့မဟုတ်) ထိုသို့လွှဲပြောင်းပေးခြင်းကို လက်ခံခြင်းမပြုရ။

(၂) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများ အမိန့်ကြော်ငြာစာများ၊ စည်းကမ်း သတ်မှတ်ချက်များအရ ခွင့်ပြုထားသည့်လုပ်ငန်းများကိုသာ ဆောင်ရွက်၍ နောင်တွင်အခါအားလျော်စွာ ပြဌာန်းသည့်ဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ စည်းမျဉ်းများ၊ စည်းကမ်းသတ်မှတ်ချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(၃) အသင်းက ချမှတ်ထားသော ဆုံးဖြတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များ ပေးအပ်သောတာဝန်များကို တိကျစွာ လိုက်နာကျင့်သုံး ဆောင်ရွက်ရမည်။

(၄) အသင်း၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေမည့် ပြုမူရေးသားပြောဆို လုပ်ကိုင်ခြင်းများ မပြုလုပ်ရ။

(၅) အသင်းက သတ်မှတ်ထားသော အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေးများကို မပျက်မကွက် ပေးသွင်း ရမည်။

(၆) အသင်းသားအချင်းချင်း၏ စည်းလုံးညီညွတ်မှုကို အစဉ်ရေးရှုထိန်းသိမ်း ဆောင်ရွက်ရမည်၊ အုပ်စုဖွဲ့ခြင်း၊ သင်းကွဲဂိုဏ်းကွဲ ထူထောင်ခြင်း မပြုလုပ်ရ။

## (ဂ) ဖောက်ဖျက်သူ၏ တာဝန်

**(၁)** အကယ်၍ တစ်စုံတစ်ယောက်သောအသင်းသားသည် ဤဖွဲ့စည်းပုံအခြေခံမှတ်တမ်း အပိုဒ် (၅-ခ)ကို ဖောက်ဖျက် ကျူးလွန်၍ အသင်းပိုင်ပစ္စည်းများကို အမြတ်အဖြစ်သော်လည်းကောင်း၊ ဆုအဖြစ် သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း၊ မည်သူ့အားမဆို လွှဲပြောင်း ပေးကမ်းခဲ့သော် (သို့မဟုတ်) လွှဲပြောင်းပေးကမ်းသည်ကို လက်ခံခဲ့သည်ရှိသော် ထိုကျူးလွန်သူ၏ ပေးလျော်ရန်တာဝန်မှာ အပြေအကြေပေးလျော်ရမည်ဖြစ်သည်။

## (ဃ) ဖျက်သိမ်းပြီး ပိုငွေကိုထုခွဲခြင်း

**(၁)** အသင်းကို ဖျက်သိမ်း၍ ပေးရန်ရှိသောကြွေးမြီးတာဝန်အားလုံးကို ရှင်းလင်းပြီးနောက် အသင်းပိုင်ပစ္စည်း တစ်စုံတစ်ရာကျန်ရှိသေးလျှင် ယင်းသို့ကျန်ရှိသောပစ္စည်းကို အသင်းသား များအား ဝေငှပေးကမ်း ပြောင်းလွှဲခြင်း မပြုဘဲ အသင်းနှင့် ရည်ရွယ်ချက်ခြင်း တူညီသော အခြားအသင်းအား လွှဲပြောင်း လှူဒါန်းရမည်။ ဤသို့ပြုလုပ်ရန် ပျက်ကွက်ခဲ့လျှင် ထိုကိစ္စမျိုး၌ စီရင်ခွင့် အာဏာရှိသော တရားရုံး အမိန့်အရ လွှဲပြောင်းလှူဒါန်းရမည်။

## ပြဋ္ဌာန်းဥပဒေများကို လိုက်နာရန်

၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ဆဲဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ စည်းမျဉ်းများ စည်းကမ်းသတ်မှတ်ချက်များက ခွင့်ပြုထားသည့်လုပ်ငန်းများကိုသာ ဆောင်ရွက်ရမည့် အပြင် နောင်တွင် ပြဋ္ဌာန်းသည့် ဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ စည်းမျဉ်းများ၊ စည်းကမ်း သတ်မှတ်ချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းလက်မှတ်ရေးထိုးခြင်း။

၇။ မူလသင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း၌ပါရှိသော အချက်အလက်များကို ခေတ်စနစ်နှင့် လျော်ညီစွာ ပြုပြင်ရေးဆွဲရန်လိုအပ်ပါသဖြင့် ပြင်ဆင်ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၂၆) ရက်နေ့တွင် ကျင်းပသော အသင်းသားစုံညီ အထူး အထွေထွေအစည်းအဝေး၏ ဆန္ဒသဘောတူညီချက်အရ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို လိုက်နာ ကျင့်သုံးနိုင်ရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ လက်မှတ်ရေးထိုးကြပါသည်။

| စဉ် | အမည်/အမျိုးသား မှတ်ပုံတင်အမှတ် | အလုပ်အကိုင် | နေရပ်လိပ်စာ | အသင်းတာဝန် | လက်မှတ် |
|---|---|---|---|---|---|
| ၁။ | ဦးဇော်မိုးနိုင်<br>၁၂/ကတတ(နိုင်)၀၂၈၇၄၄ | Chairman & CEO<br>(AA Medical Products Ltd ) | အမှတ်- (၁၁၊ ၁၇)၊<br>ဘိုကလေးဈေးလမ်း(အောက်)၊<br>ဗိုလ်တထောင်မြို့နယ်။<br>ရန်ကုန်မြို့။ | Chairman | |
| ၂။ | ဒေါက်တာသင်းနွယ်ဝင်း<br>၁၂/ဗဟန(နိုင်)၀၅၃၉၉၀ | Managing Director<br>(Royal Ruby Co.,Ltd.) | တိုက်(၃၀)၊ အခန်း (၁၀၁)၊<br>စကားဝါလမ်း၊ ဒဂုံမြို့နယ်၊<br>ရန်ကုန်မြို့။ | Vice-Chairman | |
| ၃။ | ဒေါက်တာဝင်းကြိုင်<br>၁၂/ဗဟန(နိုင်)၀၆၈၃၁၄ | Managing Director<br>(Ye' T Khon General Business Enterprise Co-operative Ltd. | အမှတ်(၆၁၉)၊ တတိယထပ်၊<br>မဟာဗန္ဓုလလမ်း၊<br>လသာမြို့နယ်၊ ရန်ကုန်မြို့။ | Secretary General | |
| ၄။ | ဒေါက်တာဝင်းမော်မြိုး<br>၁၂/ဥကတ(နိုင်)<br>၁၅၀၂၄၀ | Managing Director /CEO<br>(Vital Pharmaceutical Co., Ltd.) | အမှတ် (၅၄၊ ဘီ)၊<br>ဂီတမာလာလမ်း၊(၁၆)ရပ်ကွက်<br>၊ဘောက်ထော်၊ရန်ကင်းမြို့နယ်<br>၊ ရန်ကုန်မြို့။ | Joint Secretary General (1) | |
| ၅။ | ဦးကျော်ဦးမော်<br>၁၂/မဂတ(နိုင်)<br>၀၂၂၀၇၄ | Managing Director /CEO<br>Myittar Biotech Co.,Ltd. | အမှတ်(၅၁)၊ ၈၈ လမ်း၊<br>ကန်နောက် ရပ်ကွက်၊ မင်္ဂလာ<br>တောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ | Joint Secretary General (2) | |
| ၆။ | ဦးလှဌေး<br>၁၂/ကတတ(နိုင်)<br>၀၁၀၃၈၀ | Chairman<br>Zeburit Medicine-Medical Equipment& General Trading Co-op Society Ltd. | အမှတ်(၅)၊ အခန်း (၂)၊<br>မြေညီထပ်၊ အောင်သပြေလမ်း၊<br>ယုဇနပလာဇာဝန်း၊<br>မင်္ဂလာတောင်ညွန့် မြို့နယ်၊<br>ရန်ကုန်မြို့။ | CEC Member | |
| ၇။ | ဦးကျော်သိန်းဇံ<br>၁၂/ဒဂန(နိုင်)၀၁၃၁၄၇ | Managing Director<br>KTZ Co.,Ltd. | အမှတ်(၃၂)၊ မနော်ဟာရီလမ်း၊<br>ပြည်အနောက်ရပ်ကွက်၊<br>ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ | CEC Member | |
| ၈။ | ဒေါ်ကြည်ကြည်ဝင်းရွှေ<br>၆/ထဝန(နိုင်)<br>၀၀၄၁၄၆ | Managing Director<br>Right & Bright Co.,Ltd. | အမှတ်-(၉၀၇)၊ ယုဇနတာဝါ၊<br>ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊<br>ရန်ကုန်မြို့။ | CEC Member | |
| ၉။ | ဦးစိုးမြင့်<br>၁၂/ရကန(နိုင်)<br>၀၆၇၀၈၄ | Managing Director<br>Zeburit Medicine-Medical Equipment& General Trading Co-op Society Ltd. | တိုက်(၂၀)၊ အခန်း(၃-ဘီ)၊<br>အောင်ဇေယျလမ်း၊ (၁၄)<br>ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊<br>ရန်ကုန်မြို့။ | CEC Member | |

| | | | | | |
|---|---|---|---|---|---|
| ၁၀။ | ဦးသန်းဝင်း<br>၁၂/ကတတ(နိုင်)<br>၀၂၀၄၆၆ | Managing Director<br>Win Pharmacy Co.,Ltd. | အမှတ်(၃၁၃-၃၂၂)၊ ရွှေဘုံသာလမ်း၊ လေးလွှာ၊ ရွှေဘုံသာ ကွန်ဒို၊ ရန်ကုန်မြို့။ | CEC Member | |
| ၁၁။ | ဒေါက်တာစောမြအောင်<br>၁၂/လသန(နိုင်)၀၀၆၆၆၆ | Director<br>Zizawa Healthcare | အမှတ်-(၂၁၈)၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်တထောင်<br>မြို့နယ်၊ ရန်ကုန်မြို့။ | CEC Member | |
| ၁၂။ | ဒေါက်တာစောနေနွယ်<br>၁၂/ပဘတ(နိုင်) ၀၀၂၀၁၂ | Deputy Managing Director<br>Pacific Medical Industries Ltd. | အမှတ်-(၁၁၊ ၁၇)၊ ဘိုကလေးဈေးလမ်း (အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ | EC Member | |
| ၁၃။ | ဦးသန်းထွန်း<br>၁၂/တမန(နိုင်)၀၁၁၅၆၈ | Managing Director<br>Chan Myae Health Care Co-op Society Ltd. | တိုက်(၂)၊ အခန်း (၂)၊ အောင်သပြေ လမ်း၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။ | EC Member | |
| ၁၄။ | ဦးအောင်ထွန်းအေး<br>၁၂/လမတ(နိုင်)<br>၀၃၁၈၈၅ | Director<br>Medi Max Trading Co.,Ltd. | အမှတ်-(၈၉)၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ | EC Member | |

နေ့စွဲ။ ။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၂၆)ရက်။

# မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း

## မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၆အရ ဖွဲ့စည်းတည်ထောင်သည်

၏

## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း


| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| | အခန်း - ၁ | |
| ၁။ | အသင်းအမည်၊ တည်နေရာ၊ အသင်းတံဆိပ် | |
| | အခန်း - ၂ | |
| ၂။ | အသင်း၏ ရည်ရွယ်ချက် | |
| | အခန်း - ၃ | |
| ၃။ | အသင်းသား | |
| | အခန်း - ၄ | |
| ၄။ | အသင်းသားများ၏ တာဝန်နှင့်အခွင့်အရေး | |
| | အခန်း - ၅ | |
| ၅။ | အသင်းသားဖြစ်ခြင်းနှင့်ရပ်စဲခြင်း | |
| | အခန်း - ၆ | |
| ၆။ | အသင်းဖွဲ့စည်းတည်ထောင်ခြင်း | |

## အခန်း - ၇

၇။ အလုပ်အမှုဆောင်အဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ကော်မတီများ၏ အရည်အချင်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

## အခန်း - ၈

၈။ ရွေးချယ်တင်မြှောက်ခြင်း

## အခန်း - ၉

၉။ အစည်းအဝေးများ ကျင်းပခြင်း

## အခန်း - ၁၀

၁၀။ အသင်း၏ ဘဏ္ဍာရေးကိစ္စ ထိန်းသိမ်းစောင့်ရှောက်ခြင်း

## အခန်း - ၁၁

၁၁။ အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို ပြင်ဆင်ခြင်း

## အခန်း - ၁၂

၁၂။ အထွေထွေ

# မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

## အခန်း ၁

## အသင်းအမည်၊ အဓိပ္ပါယ်ဖွင့်ဆိုချက်

၁။ **အသင်းအမည် ။**

ဤအသင်းအမည်ကို မြန်မာဘာသာဖြင့် " မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းနှင့် လုပ်ငန်းရှင်များ အသင်း " ဟူ၍ လည်းကောင်း အင်္ဂလိပ်ဘာသာဖြင့် " Myanmar Pharmaceutical and Medical Equipment Entrepreneurs' Association " ဟူ၍ လည်းကောင်း ခေါ်တည်စေရမည်။

**ဤသည့်နောက်တွင် " အသင်း " ဟူသည်မှာ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းကို ရည်ညွှန်းပါသည်။**

၂။ **အဓိပ္ပါယ်ဖွင့်ဆိုချက်။**

ဤအသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်။

(က) " မြန်မာနိုင်ငံ " ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကို ဆိုလိုသည်။

(ခ) " အသင်းသား " ဆိုသည်မှာ အသင်း၏ သတ်မှတ်ချက်များနှင့်အညီ အသင်းသားအဖြစ် လျှောက်ထားပြီး အသင်းက အသင်းသားအဖြစ် အသိအမှတ်ပြုခံရသူကို ဆိုလိုသည်။

(ဂ) " အဖွဲ့အစည်း " ဆိုသည်မှာ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို စီမံခန့်ခွဲနေသော ကုမ္ပဏီ၊ ကော်ပိုရေးရှင်း၊ ဆေးနှင့် ဆေးပစ္စည်းထုတ်လုပ်သည့် စက်ရုံ၊ အလုပ်ရုံ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းကဲ့သို့သော စီးပွားရေးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများ (သို့မဟုတ်) အများပြည်သူ များ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်များကို ဆောင်ရွက်နေသော နိုင်ငံတော်ပိုင် ဆေးရုံ၊ ကျန်းမာရေးဌာနကဲ့သို့သော အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်း များကို ဆိုလိုသည်။

(ဃ) " အသင်း " ဆိုသည်မှာ မြန်မာ ကုမ္ပဏီ၊ နိုင်ငံခြား ကုမ္ပဏီ၊ ဖက်စပ်ကုမ္ပဏီ၊ အစုစပ် လုပ်ငန်းကုမ္ပဏီ၊ သမဝါယမအသင်းနှင့် ညီနောင်အသင်းများကို ဆိုလိုသည် ။

၃။ **အသင်း၏ တံဆိပ် ။**

အသင်းတံဆိပ်ကို အသင်း၏ အလုပ်အမှုဆောင်အဖွဲ့မှ သတ်မှတ် နိုင်သည်။

၄။ **အသင်းနှစ် ။**

အသင်း၏ဘဏ္ဍာရေးနှစ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ ပြဌာန်းထားသော ဘဏ္ဍာရေးနှစ်ကာလအတိုင်း ဖြစ်သည်။

## အခန်း ၂

## အသင်း၏ ရည်ရွယ်ချက်

၅။ **အသင်း၏ ရည်ရွယ်ချက်များ**

(က) ဤအသင်း၏ ရည်ရွယ်ချက်များမှာ ဤအသင်း၏ ဖွဲ့စည်းပုံအခြေခံမှတ်တမ်း အပိုဒ်(၃)တွင် ဖော်ပြ ထားသော ရည်ရွယ်ချက်အတိုင်းဖြစ်သည်။

(ခ) အထက်ပါ ရည်ရွယ်ချက်များကို ထမြောက် အောင်မြင်စေရန် အလို့ငှာလည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေး တိုးတက်ဖွံ့ဖြိုးစေရန် အတွက် လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း များနှင့် ပတ်သတ်၍ အခြေအနေ၊ အချိန်အခါ အလျှောက် အပြုသဘောဆောင်သည့် ထင်မြင်ယူဆချက် များကိုလည်းကောင်း တင်ပြအဆိုပြုခြင်း၊ ဖော်ထုတ်ခြင်း၊ ဖြစ်မြောက်အောင်ဆောင်ရွက်ခြင်းအလို့ငှာ လည်းကောင်း ဤအသင်းကို တည်ထောင်သည်။

## အခန်း ၃

## အသင်းသား

၆။ **အသင်းသားဖြစ်ရန်လိုအပ်ချက်များ**

တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မှတ်ပုံတင်ထားသော ပြည်တွင်းပြည်ပ ဆေးနှင့်ဆေးပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ပြည်တွင်း၌ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ လုပ်ကိုင်နေသော လူပုဂ္ဂိုလ်တစ်ဦးချင်း (သို့မဟုတ်) အောက်ဖော်ပြပါ အဖွဲ့အစည်းများသည် ဤအသင်း၏ အသင်းဝင်အဖြစ် ပါဝင်လျှောက်ထားနိုင်သည်။

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်ကိုင်ဆောင်ထားသူများ(သို့မဟုတ်)နိုင်ငံသားပြုခွင့်ရသူများ၊

(ခ) ပြည်တွင်း တရားဝင်ကုမ္ပဏီများ၊ အသင်းများ၊ အဖွဲ့ အစည်းများ၊ သမဝါယမအသင်းများနှင့် ဖက်စပ်အဖွဲ့ အစည်းများ၊ လုပ်ငန်းများ၊ လက်လီလက်ကားဆေးဝါးနှင့်ဆေးပစ္စည်း အရောင်းဆိုင်များ၊ ဆေးခန်းနှင့်ဆေးရုံများ။

(ဂ) ဧည့်နိုင်ငံသားများနှင့် ၎င်းတို့ပိုင်ကုမ္ပဏီများ၊ ပြည်ပကုမ္ပဏီများ နှင့် အဖွဲ့အစည်းများ၊ ဆေးခန်းများ၊ ဆေးရုံများ၊

(ဃ) စီးပွားရေးဆိုင်ရာ ကျွမ်းကျင်သူ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ နိုင်ငံသားများ၊

(င) စီးပွားရေးလုပ်ငန်းတစ်ခုခုကို လုပ်ဆောင်ရန် တရားဝင်မှတ်ပုံတင်ထားသည့် လုပ်ငန်း၊ ကုမ္ပဏီတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂလိက တစ်ဦးချင်း နိုင်ငံသားများ၊

(စ) အသင်းသားအဖြစ် လျှောက်ထားသူများသည် -

(၁) အသက် ၁၈ နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(၂) စိတ်ပေါ့သွပ် ရူးနှမ်းသူမဖြစ်စေရ။

(၃) သာသနာဘောင်သို့ အပြီးဝင်ရောက်ထားသူမဖြစ်စေရ။

(၄) ရာဇဝတ်ပြစ်မှုတစ်စုံတစ်ရာကျူးလွန်၍ တရားရုံးတော်က ပြစ်ဒဏ်ချမှတ်ခံထားရသူမဖြစ်စေရ။

(၅) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက် (သို့မဟုတ်) ညွှန်ကြားချက်ကို လေးစားလိုက်နာသူဖြစ်ရမည်။

(၆) အသင်း၏ စည်းလုံးညီညွတ်မှုနှင့် တည်တံ့မှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်။

(၇) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေငြာခံထားရသူ မဖြစ်စေရ။

(၈) ဥပဒေအရ အမည်ပျက်စာရင်း (Black List)အဖြစ် ကြေငြာခံထားရသောပုဂ္ဂိုလ်၊ ကုမ္ပဏီ အသင်းအဖွဲ့မဖြစ်စေရ။

(၉) အသင်းမှ ပေးအပ်သော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၇။ **အသင်းသားအမျိုးအစား။**

အသင်းသားများကို အောက်ဖော်ပြပါအတိုင်း အမျိုးအစား ခွဲခြားထားသည်။

(က) ရိုးရိုးအသင်းသား။ — အခန်း-၃၊ အပိုဒ်-၆ပါ အရည်အချင်းများ နှင့်ပြည့်စုံသူများ ။

(ခ) ဂုဏ်ထူးဆောင်အသင်းသား။ — စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင် နှစ်ပေါင်းများစွာ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဥပဒေ ပညာရှင်များ၊ ဂုဏ်ထူးဆောင် အသင်းသားများအဖြစ် ဤအသင်းက သတ်မှတ်ခြင်း ခံရသူများ၊ (ဂုဏ်ထူးဆောင်အသင်းသားအဖြစ် သတ်မှတ် ခြင်းခံရသူများသည် အမှုဆောင်အဖွဲ့၏ တရားဝင် အသိအမှတ်ပြု ခံရသူများ ဖြစ်ရမည်။)

(ဂ) သဟာယအဖွဲ့ဝင်အသင်းသား ။ (Associate Member) — အခန်း-၃ (အပိုဒ် - ၆ အပိုဒ်ငယ် (ဂ)) ပါ တည်ဆဲဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော ပြည်ပ ဆေးနှင့်ဆေးပစ္စည်း ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ဆေးနှင့်ဆေးပစ္စည်း သုံးစွဲသည့် ဆေးခန်းများ၊ ဆေးရုံများနှင့် အဖွဲ့အစည်းများ၊ အသင်းများ၊ ကုမ္ပဏီပိုင်ရှင်များ၊ ကိုယ်စားလှယ်များ၊

(ဃ) တိုင်းနှင့်ပြည်နယ်အသင်းခွဲများ (သို့)ဒေသဆိုင်ရာညီနောင်အသင်းများ။
စနစ်တကျ ဖွဲ့စည်းထားသော ဒေသဆိုင်ရာဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်အသင်းများ၊

# အခန်း ၄
# အသင်းသားများ၏ တာဝန် နှင့် အခွင့်အရေး

၁။ **အသင်းသားများ၏ တာဝန်။**

အသင်းသားများ၏ တာဝန်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) အသင်းတိုးတက်ဖွံ့ဖြိုးရေးနှင့် ဂုဏ်သိက္ခာမြင့်မားစေရေးအတွက် ရှေ့ရှုထိန်းသိမ်း၍ လိုအပ်သလို ပူးပေါင်းပါဝင်ရန်။

(ခ) အသင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကို အစဉ်ရှေ့ရှု့ထိန်းသိမ်းဆောင်ရွက်ရမည်။ အုပ်စုဖွဲ့ခြင်း၊ သင်းကွဲ ဂိုဏ်းထူထောင်ခြင်း၊ အားပေးခြင်း၊ သင်းကွဲဂိုဏ်းကွဲတွင် ပါဝင်ခြင်းအလျဉ်း မပြုလုပ်ရ။

(ဂ) အသင်း၏ သတ်မှတ်ထားသော အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေးကို မပျက်မကွက် ပေးသွင်းရမည်။

(ဃ) ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အသင်းသားအချင်းချင်း တစ်ဦးကို တစ်ဦး ကူညီဆောင်ရွက်ရမည်။

(င) နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေ နည်းဥပဒေများ အမိန့်များနှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာရမည့်အပြင် အသင်းသားစုံညီ အစည်းအဝေး (သို့မဟုတ်) အထူးအစည်းအဝေးများ၏ ဆုံးဖြတ်ချက်များ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ငန်း လမ်းညွှန်ချက်များကို လေးစားလိုက်နာရမည်။

(စ) အသင်းက ပေးအပ်သောတာဝန်များကို ကျေပြွန်စွာထမ်းဆောင်ရမည်။

၉။ **ရိုးရိုးအသင်းသားများ၏ အခွင့်အရေး**

(က) အသင်းက ဖိတ်ကြားသော အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ အခမ်းအနားများသို့ တက်ရောက်ခွင့်၊ ဆွေးနွေးခွင့်၊ မေးမြန်းခွင့် အဆိုတင်သွင်းခွင့်၊ ကန့်ကွက်ခွင့်နှင့် အကြံပြုနိုင်ခွင့် ရှိသည်။

(ခ) အသင်းအနေဖြင့် စီစဉ်သော ဆေးနှင့်ဆေးပစ္စည်းထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့ကို အထောက်အကူပြုခြင်းစသည့် စီမံခန့်ခွဲမှုပညာ၊ စီးပွားရေးပညာ၊ လူမှုရေးပညာ၊ အခြားလုပ်ငန်းကျွမ်းကျင်မှုပညာရပ်ဆိုင်ရာသင်တန်းများကို တက်ရောက် ပါဝင်ဆွေးနွေးခွင့် ရှိသည်။

(ဂ) အသင်းမှ စီစဉ်ပေးသော ပြည်တွင်းသင်တန်းများသာမက ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများ၊ လေ့လာရေးခရီးများတွင် ပါဝင်တက်ရောက်လေ့လာသင်ယူဆည်းပူးခွင့်ရှိသည်။

(ဃ) အသင်းအနေဖြင့် စီစဉ်ပြုစုဖြန့်ဝေသော တရားဝင် စာရွက်စာတမ်းများ ဈေးနှုန်းများ သတင်းများ၊ စီးပွားရေးပညာ၊ ကူးသန်းရောင်းဝယ်မှုပညာ စသည့် သတင်းအချက်အလက်များ မှတ်တမ်း မှတ်ရာများကို ရယူခွင့် ရှိသည်။

(င) အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများပါ သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ အလုပ် အမှုဆောင်ကော်မတီဝင်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် ရွေးကောက်တင်မြောက်ခံပိုင်ခွင့်နှင့် လုပ်ငန်းအဖွဲ့များတွင် ပါဝင်ပိုင်ခွင့် ရှိပါသည်။

(စ) အသင်းသားများသည် အလုပ်အမှုဆောင်အဖွဲ့၏ ရွေးချယ်တာဝန်ပေးမှုအရ လုပ်ငန်းအဖွဲ့ငယ်များတွင် ပါဝင်ခွင့်ရှိသည်။

(ဆ) အသင်း၏ သတ်မှတ်ချက်များနှင့်အညီ အသင်းသားတစ်ဦးသည် ဆန္ဒမဲပေးပွဲ တစ်ကြိမ်လျှင် ဆန္ဒမဲ တစ်မဲသာ ပေးပိုင်ခွင့်ရှိသည်။

(ဇ) အသင်းက ပေးအပ်သော အခြားအခွင့်အရေးနှင့် သက်သာခွင့်များကို ခံစားခွင့်ရှိသည်။

(ဈ) အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ မိမိရရှိသော အခွင့်အရေးများနှင့်အထူးအခွင့်အရေးများ နစ်နာဆုံးရှုံးသည်ဟု ယူဆလျှင် ယင်းအခွင့်အရေးများကို တရားဝင်ရရှိခံစားခွင့် ရရှိစေရေးအတွက် ဆောင်ရွက်ပေးရန် ဗဟိုအလုပ်အမှုဆောင် ကော်မတီသို့ တင်ပြခွင့် ရှိသည်။

၁၀။ **<u>ဂုဏ်ထူးဆောင်အသင်းသားနှင့် သဟာယအသင်းသား၏ အခွင့်အရေး။</u>**

**(၁) ဂုဏ်ထူးဆောင်အသင်းသား၏ အခွင့်အရေး**

(က) ဂုဏ်ထူးဆောင် အသင်းဝင်သည် အသင်းသားစုံညီ အစည်းအဝေး၊ အထူးအစည်းအဝေး၊ အခြား ဖိတ်ကြားထားသော အစည်းအဝေးများသို့ တက်ရောက်ပိုင်ခွင့်၊ ဆွေးနွေးပိုင်ခွင့် အကြံပေးခွင့်ရှိသည်။ သို့ရာတွင် အလုပ်အမှုဆောင် ကော်မတီဝင် (သို့မဟုတ်) ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် အဖြစ်ရွေးချယ်တင်မြောက် ခံပိုင်ခွင် မရှိစေရ၊ မဲဆန္ဒပေးပိုင်ခွင့် မရှိစေရ။

(ခ) အသင်းမှ ပေးအပ်သော အခြား အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ ခံစားခွင့်ရှိသည်။

(ဂ) ဂုဏ်ထူးဆောင်အသင်းသားသည် အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေးပေးဆောင်ရန် မလိုပါ။

(၂) **<u>သဟာယ အသင်းသား၏ အခွင့်အရေး</u>**

(က) အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေး (သို့မဟုတ်) အထူးအစည်းအဝေးသို့ တက်ရောက်ပိုင်ခွင့်၊ ဆွေးနွေးခွင့်၊ အကြံပြုခွင့်ရှိသည်။ သို့ရာတွင် ကန့်ကွက်ခြင်း ထောက်ခံခြင်း၊ မဲပေးခြင်း စသည်တို့ မပြုလုပ်ရ။

(ခ) အသင်းမှ ဖိတ်ကြားချက်အရ အလုပ်အမှုဆောင်ကော်မတီ ( သို့မဟုတ် ) ဗဟိုအလုပ်အမှုဆောင် ကော်မတီအစည်းအဝေးသို့လည်းကောင်း တက်ရောက်၍ ဆွေးနွေးခွင့်၊ အကြံပြုခွင့်ရှိသည်။ သို့ရာတွင်အဆိုပြုခြင်း၊ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း၊ မဲပေးခြင်း မရှိစေရ။

(ဂ) သဟာယ အသင်းသားသည် အလုပ်အမှုဆောင်ကော်မတီ ( သို့မဟုတ် ) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် ရွေးချယ်ပိုင်ခွင့်၊ မဲပေးပိုင်ခွင့် လုံးဝ (လုံးဝ) မရှိစေရ။

(ဃ) အသင်းက အသင်းသားများအတွက် ပေးအပ်သော အခွင့်အရေးများကို ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့်အညီ ခံစားခွင့်ရှိသည်။

## အခန်း ၅
## အသင်းသားဖြစ်ခြင်းနှင့် ရပ်စဲခြင်း

၁၁။ **အသင်းသားဖြစ်ခြင်း။**

အသင်းတွင် အသင်းသားအဖြစ် ပါဝင်ခွင့်ရရှိရန်အတွက် အောက်ပါနည်းလမ်းအတိုင်း ဆောင်ရွက်ရမည်-

(က) ဤအသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အခန်း-၃၊ အပိုဒ် ၆ ပါ အရည်အချင်းနှင့်ပြည့်စုံသော ကုမ္ပဏီ အသင်းအဖွဲ့/ ပုဂ္ဂိုလ်များသည် အသင်းတွင် အသင်းသားအဖြစ် ပါဝင်ခွင့်ရရှိစေရန် သတ်မှတ်ထားသော အသင်းဝင်ခွင့် လျှောက်လွှာပုံစံတွင် ဖြည့်စွက်လက်မှတ်ရေးထိုး၍ ဓါတ်ပုံနှင့် သက်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများနှင့်အတူ အသင်း အတွင်းရေးမှူး ထံလိပ်မူ၍ လျှောက်လွှာ တင်သွင်းရမည်။

(ခ) သတ်မှတ်ထားသော အသင်းဝင်ခွင့်လျှောက်လွှာတွင် လျှောက်ထားသူ ကာယကံရှင် ကိုယ်တိုင်(သို့မဟုတ်)အသင်းအဖွဲ့ဖြစ်ပါက တရားဝင်ကိုယ်စားလှယ်က လက်မှတ်ရေးထိုး ထားရမည့်အပြင် အဆိုပြုသူနှင့် ထောက်ခံသူအဖြစ် အသင်းသားတစ်ဦးစီက လက်မှတ် ရေးထိုးရမည်။

(ဂ) အသင်းဝင်ခွင့်လျှောက်လွှာကို လက်ခံရန် သင့်-မသင့်ကို ဦးစွာစီစစ်ပြီး ဗဟိုအလုပ် အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

(ဃ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးက လက်ခံအတည်ပြုပြီးပါက သတ်မှတ်ထားသော အသင်းဝင်လက်မှတ်ကို အချိန်နှင့်တပြေးညီထုတ်ပေးရန် ဆောင်ရွက်ရမည်။

(င) အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းပြီးသည့် အချိန်မှစ၍ အသင်းသားအဖြစ် အသိအမှတ် ပြုရမည်။

(စ) အသင်းဝင်ခွင့်လျှောက်လွှာကို အပယ်ခံရပါက နောက်ထပ် ၆လ ကြာသည့်အခါတိုင်း အကျိုးအကြောင်း ပြည့်စုံစွာဖော်ပြ၍ ပြန်လည်လျှောက်ထားနိုင်ပါသည်။

၁၂။ **အသင်းဝင်လက်မှတ်။**

အသင်းတွင် အသင်းသားအဖြစ်ဝင်ရောက်ခွင့်ကို လက်ခံအတည်ပြုခြင်း၊အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေးတို့ကို လက်ခံခြင်းပြုလုပ်ပြီးပါက အသင်းဝင်လက်မှတ်ကို အောက်ပါအတိုင်း စီစဉ်၍ ထုတ်ပေးရမည်-

(က) အသင်းဝင်လက်မှတ်တွင် အသင်းသားအမှတ်နှင့်ရက်စွဲ၊ အသင်းသား၏အမည်နှင့်လိပ်စာ၊ လုပ်ငန်းမှတ်ပုံတင်အမှတ်နှင့် ရက်စွဲတို့ကို ဖော်ပြပါရှိရမည်။

(ခ) အသင်းဝင်လက်မှတ်တွင် အသင်းဥက္ကဌ၊ အတွင်းရေးမှူးနှင့် အသင်းသားကိုယ်တိုင် (သို့မဟုတ်) အသင်းအဖွဲ့ကိုယ်စားလှယ်တို့က ထိုးမြဲလက်မှတ်ရေးထိုးရမည်။

(ဂ) အသင်းဝင်သက်တမ်းတိုးမြှင့်ခြင်းကို အသင်းမှ တာဝန်ပေးအပ်ထားသူတစ်ဦးက စီစစ်၍ လက်မှတ်ရေးထိုးရမည်။

(ဃ) အသင်းဝင်လက်မှတ်တွင် အသင်း၏ တရားဝင်အသင်းတံဆိပ်ကို ရိုက်နှိပ်ပေးရမည်။
(င) အသင်းဝင်၏ဓာတ်ပုံအား အသင်းဝင်လက်မှတ်တွင် ဖော်ပြကပ်ရှိထားရမည်။

၁၃။ **အသင်းဝင်ကြေးနှင့်နှစ်စဉ်ကြေး**

(က) အသင်း၏အသင်းသားများအတွက် အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေးကို အသင်းဗဟို အလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်သည့်အတိုင်း ပေးသွင်းရမည်။
(ခ) နှစ်စဉ်ကြေးကို ဘဏ္ဍာရေးနှစ်အတိုင်း သတ်မှတ်ထားသည့်ကာလအတွက် ကြိုတင်ပေးသွင်း ရမည်။
(ဂ) အသင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေးကိုလည်းကောင်း၊ ပေးသွင်းရမည့်ကာလကိုလည်းကောင်း၊ အခါအားလျော်စွာ ပြောင်းလဲပြင်ဆင် သတ်မှတ် နိုင်သည်။
(ဃ) အသင်းဝင်ကြေးနှင့်နှစ်စဉ်ကြေးများအား နောက်ကျကာလ(၆)လအထိသာ လက်ခံ သက်တမ်းတိုးပေးမည်။

၁၄။ **အသင်းသားမှတ်ပုံတင်စာရင်း။**

အသင်းသားများ၏ မှတ်ပုံတင်စာရင်းကို အောက်ပါအချက်များ ပါဝင်အောင် ပြုစုထားရှိ ရမည်။

(က) အသင်းသားအမျိုးအစားအလိုက် အသင်းသားအမည်၊ မှတ်ပုံတင်အမှတ်နှင့်ရက်စွဲ၊ နေရပ်၊ လိပ်စာနှင့်ဖုန်း၊ ဖက်စ်၊ အီးမေးလ်အမှတ်၊ လုပ်ငန်းမှတ်ပုံတင်အမှတ်နှင့် ရက်စွဲ၊ မှတ်ပုံတင်မိတ္တူ။
(ခ) အသင်းသားလုပ်ငန်းအမည်၊ လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းရုံးတည်နေရာ လိပ်စာ၊ ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်၊ အီးမေးလ် စသည်များ။
(ဂ) အသင်းသားအဖြစ်စတင်လက်ခံသောရက်စွဲ။
(ဃ) အသင်းသား၏အချက်အလက်များ ပြောင်းလဲမှုရှိပါက ပြောင်းလဲမှုအခြေအနေကို မှတ်တမ်း တင်ထားရမည်။ အခြားလိုအပ်သော အချက်အလက်များကိုလည်း ထည့်သွင်းမှတ်တမ်း တင်နိုင်သည်။
(င) အသင်းသားများ၏ ဝင်ရောက်မှုနှင့် ထုတ်ခြားမှုအခြေအနေကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးသို့ အခါအားလျော်စွာ တင်ပြရမည်။

၁၅။ **အသင်းသားဦးရေကန့်သတ်ချက်။**

ဤအသင်း၏ အသင်းသားဦးရေကို ကန့်သတ်ချက်မရှိစေရ။

၁၆။ **အသင်းသားအဖြစ်မှရပ်စဲခြင်း။**

အသင်းသားတစ်ဦးဦးသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာပါက ဇဟိုအလုပ်အမှုဆောင်အဖွဲ့က စီစစ်၍ အသင်းသားအဖြစ်မှ ရပ်စဲနိုင်သည်။

(က) ကွယ်လွန်ခြင်း။

(ခ) စိတ်ပေါ့သွပ်ရူးနှမ်းခြင်း။

(ဂ) သာသနာ့ဘောင်သို့ အမြဲတမ်းဝင်ရောက်သွားခြင်း။

(ဃ) အထက်အပိုဒ် ၆ပါ အသင်းသားအရည်အချင်းတစ်ရပ်ရပ် ပျက်ပြားခြင်း။

(င) အသင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ဆန့်ကျင်လျက် အသင်း၏အကျိုး စီးပွားကို ထိခိုက်ပျက်စီးအောင် ပြုမူပြောဆိုရေးသားခြင်း။

(စ) အသင်းဇဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်လမ်းညွှန်ချက်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဖောက်ဖျက်ကျူးလွန်ခြင်း(သို့မဟုတ်) လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

(ဆ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက နာမည်ပျက်စာရင်းတွင် (Black List) ထည့်သွင်း သတ်မှတ်သည်ကို ခံရခြင်း။

(ဇ) ရာဇဝတ်ပြစ်မှုတစ်စုံတစ်ရာကျူးလွန်သဖြင့် တရားရုံးတော်က ပြစ်ဒဏ်ချမှတ် စီရင်သည်ကို ခံရခြင်း။

(ဈ) နိုင်ငံတော်ပုန်ကန်မှုဖြင့် တရားရုံးက ပြစ်ဒဏ်ချမှတ်စီရင်သည်ကို ခံရခြင်း။

## ၁၇။ **အယူခံခြင်း။**

အသင်းသားအဖြစ်မှ ရပ်စဲခံရသူသည် ကျေနပ်မှုမရှိပါက အကျိုးအကြောင်းခိုင်လုံစွာ ဖော်ပြလျက် အသင်းသို့ ပြန်လည်တင်ပြအယူခံခွင့်ရှိသည်။ ဇဟိုအလုပ်အမှုဆောင်အဖွဲ့၏ အဆုံးအဖြတ်သည် အတည်ဖြစ်သည်။

## ၁၈။ **အသင်းသားများပေးရန်အသင်းငွေကြေးပေးဆောင်ခြင်း။**

(က) အသင်းသို့ပေးဆောင်ရမည့်ငွေကြေးပေးဆောင်ရန်ပျက်ကွက်ခြင်း-

(၁) မည်သည့်အသင်းသားမဆို အသင်းသို့ ပေးဆောင်ရန်ရှိသည့် အကြွေးငွေ တစ်စုံတစ်ရာကို (၆)လကြာသည့်တိုင်အောင် မပေးဘဲ ကျန်ရှိနေလျှင် အသင်းက စာဖြင့်ရေးသား၍ ကျန်ရှိသောငွေကြေးငွေကို တစ်လအတွင်း ကျေလည်အောင် ပေးဆောင်ရန် အကြောင်းကြားစာ ပို့ရမည်။

(၂) ထိုသို့အကြောင်းကြား၍ တစ်လအတွင်း ဆက်လက်ပျက်ကွက်နေလျှင် ယင်းပေး ဆောင်ရန် ပျက်ကွက်နေသော အသင်းသားသည် အလိုအလျောက် အသင်းသား အဖြစ်မှ ရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) အသင်းသားများနုတ်ထွက်ခြင်း စပ်လျဉ်း၍ အောက်ပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရမည်။

(၁) မည်သည့်အသင်းသားမဆို အသင်းမှနုတ်ထွက်လိုလျှင် အတွင်းရေးမှူးထံသို့ မိမိနုတ်ထွက်လိုကြောင်းကို စာဖြင့်ရေးသား၍ ရက်ပေါင်း (၃၀)ရက်တိတိ ကြိုတင် အကြောင်းကြားရမည်။

(၂) ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး၏ဆုံးဖြတ်ချက်ဖြင့် နုတ်ထွက်ခွင့်ပြုရမည်။

(၃) မိမိကကြိုတင်၍ ပေးဆောင်ထားသော ငွေကြေးတစ်စုံတစ်ရာကို ပြန်လည် တောင်းဆိုခွင့် မရှိစေရ။

(ဂ) အသင်းသားအဖြစ်မှနုတ်ပယ်ခြင်း-

မည်သည့်အသင်းသားကိုမဆို အောက်ပါခိုင်လုံသော အကြောင်း တစ်ခုခုဖြင့် အသင်းသားအဖြစ် ဆက်လက်ပါဝင်ရန် မသင့်ဟု ဗဟိုအလုပ် အမှုဆောင်ကော်မတီမှ သုံးသပ်ဆွေးနွေးပါက သုံးသပ်ချက်နှင့်အတူ အနီးကပ်ဆုံး ကျင်းပပြုလုပ်သော အလုပ်အမှုဆောင်ကော်မတီ အစည်အဝေးသို့ ယင်းအသင်းသား အား အသင်းသားအဖြစ်မှ နုတ်ပယ်ရန်တင်ပြနိုင်သည်။ ယင်းတင်ပြချက်ကို တက်ရောက်သော အလုပ်အမှုဆောင် ကော်မတီဝင် အများစု၏ သဘောဆန္ဒဖြင့် ဆုံးဖြတ်ရမည်။ ယင်းဆုံးဖြတ်ချက်သည် နောက်ဆုံးအပြီးသတ် ဖြစ်စေရမည်။

(၁) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ရပ်ရပ်ကို ဖေါက်ဖျက်ခြင်း။

(၂) အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အခန်း(၃) အပိုဒ် ၆(ခ) ပါ အချက်များနှင့် ညီစွန်းနေခြင်း၊ အခန်း ၅၊ အပိုဒ် ၁၆ ပါ အသင်းသားအဖြစ်မှရပ်စဲခြင်း သတ်မှတ် ချက်များနှင့် ကိုက်ညီနေခြင်း။

(ဃ) အသင်းဝင်အဖြစ်ပြန်လည်လျှောက်ထားခြင်း-

(၁) အသင်းသားတစ်ဦးသည် အသင်းမှနုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ ရပ်စဲခြင်း ခံရသည့်နေ့မှစ၍ (၆)လပြည့်မှသာ အသင်းသားအဖြစ် ပြန်လည်လျှောက်ထားခွင့် ရှိစေရမည်။

(၂) ထိုသို့ပြန်လည်လျှောက်ထားခွင့်ရရှိရန်အသင်းသား(၃)ဦး၏ထောက်ခံချက်ပါရှိရမည်။

(၃) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အဆုံးအဖြတ်သည် အတည်ဖြစ်ရမည်။

## **အခန်း ၆**
## **အသင်းဖွဲ့စည်းတည်ထောင်ခြင်း**

၁၉။ **ဖွဲ့စည်းပုံ။**

အသင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါ အဖွဲ့များကို ဖွဲ့စည်း တည်ထောင်နိုင်သည်။

(က) နာယက အဖွဲ့

(ခ) အကြံပေးအဖွဲ့
(ဂ) အလုပ်အမှုဆောင်အဖွဲ့
(ဃ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့

၂၀။ **နာယကအဖွဲ့။**

နိုင်ငံတော်၏ စီးပွားရေး၊ ကျန်းမာရေးနှင့် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက် ၍သော် လည်းကောင်း ဆောင်ရွက်ခဲ့သည့် အငြိမ်းစားများ (သို့မဟုတ်) အသင်း၏အကျိုးကျေးဇူးကို ထူးချွန်စွာ ဆောင်ရွက်သူများအနက် သင့်လျော်သော(၁၀) ဦးထက်မပိုသော ပုဂ္ဂိုလ်များကို ရွေးချယ် ပြီးလျှင် လက်ရှိ ဗဟိုအလုပ်အမှုဆောင်နှင့်အလုပ်အမှုဆောင်တို့၏ သဘောတူညီချက်ကို ရယူ၍ ဖွဲ့စည်းရမည်။

၂၁။ **အကြံပေးအဖွဲ့။**

အသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် သင့်လျော်သော ပုဂ္ဂိုလ် (၁၀) ဦး ထက်မနည်း သော ပုဂ္ဂိုလ်များကို ရွေးချယ်လျာထားပြီးလျှင်လက်ရှိဗဟိုအလုပ်အမှုဆောင်နှင့်အလုပ်အမှုဆောင် တို့၏ သဘောတူညီချက်ကို ရယူ၍ ဖွဲ့စည်းရမည်။

၂၂။ **အလုပ်အမှုဆောင်အဖွဲ့။**

အသင်း၏ အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်။

(က) အလုပ်အမှုဆောင်အဖွဲ့၏ အဖွဲ့ဝင်ဦးရေကိုသတ်မှတ်ထားရမည်။ ထိုသတ်မှတ်ဦးရေသည် (၅၀)ဦးထက် မပိုစေရ။ ရန်ကုန်(၃၅)ဦး + တိုင်းနှင့်ပြည်နယ်အလိုက် (၁၅)ဦး
(ခ) သက်ဆိုင်ရာ ညီနောင်အသင်းများမှ ကိုယ်စားလှယ်ဦးရေကို သတ်မှတ်ထားသောဦးရေမှ နုတ်ပြီး ကျန်ရှိသော အလုပ်အမှုဆောင်ဦးရေကို အများဆန္ဒဖြင့် ရွေးကောက်တင်မြှောက် ရမည်။
(ဂ) အလုပ်အမှုဆောင်လုပ်လိုသော ပုဂ္ဂိုလ်များသည် ကိုယ်တိုင်ဆန္ဒပြုရမည်ဖြစ်သည်။
(ဃ) အခန်း-၇၊ အပိုဒ်-၂၇ပါ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်ရန် အရည်အချင်းနှင့်ပြည့်စုံရမည်။
(င) တိုင်းနှင့်ပြည်နယ်အသင်းခွဲ (သို့) ဒေသဆိုင်ရာ ညီနောင်အသင်းများမှ စေလွှတ်သော ကိုယ်စားလှယ်များမှလွဲ၍ ကျန်ရှိသော အရွေးချယ်ခံ အလုပ်အမှုဆောင်များသည် အသင်းသားအဖြစ် သက်တမ်း တစ်နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။
(စ) တိုင်းနှင့်ပြည်နယ်အသင်းခွဲ မှ အသင်းကိုယ်စားလှယ်တစ်ဦးအား အသင်းချုပ်၏ အလိုအလျောက် အလုပ်အမှုဆောင်အဖြစ် သတ်မှတ်ပေးပိုင်ခွင့်ရှိသည်။ ထိုသူသည် မိမိ၏အသင်းအား ကိုယ်စားပြုသူဖြစ်ပြီး ထိုအသင်းမှ တာဝန်ပေးထားသော ဥက္ကဋ္ဌ (သို့)ဗဟိုအလုပ်အမှုဆောင် ဖြစ်ရမည်ဖြစ်ပြီး ထိုသူသည် မိမိအသင်းမှနုတ်ထွက်/ အလုပ် အမှုဆောင်သက်တမ်းကုန်ပါက အလိုအလျောက်ပျက်ပြယ်ပြီး တခြားလက်ရှိ အသင်းသား အား တာဝန်ပေးရမည်။ တိုင်းနှင့်ပြည်နယ်အသင်းခွဲများမှ အဆိုပါ အလိုအလျောက် အလုပ်အမှုဆောင်များသည် အသင်းချုပ်၏ ရွေးချယ်တင်မြှောက်ခြင်း၊ ဆုံးဖြတ်ချက် ချခြင်းနှင့် အခြားကိစ္စများတွင် မဲပေးပိုင်ခွင့်၊ ကန့်ကွက်ပိုင်ခွင့်၊ စွက်ဖက်ပိုင်ခွင့် လုံးဝ မရှိစေရပါ။

(ဆ) အလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးက အခါအား လျော်စွာ အတိုးအလျော့ ပြင်ဆင် သတ်မှတ်နိုင်သည်။

## ၂၃။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ရွေးချယ်ဖွဲ့စည်း ဆောင်ရွက်ရမည်။

(က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဦးရေကို အလုပ်အမှုဆောင်အဖွဲ့များထဲမှ အများဆုံး( ၂၁ )ဦး ကို ရွေးချယ် တင်မြှောက်ရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များကို အလုပ်အမှုဆောင်ဝင်များထဲမှ ကိုယ်တိုင် ဆန္ဒပြုသူ များကို လျှို့ဝှက် ဆန္ဒမဲများဖြင့် ရွေးချယ်မည်။

(ဂ) သတ်မှတ်ထားသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဦးရေကို ရရှိအောင် ရွေးချယ်ရမည်။

(ဃ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေကို ရရှိပြီးပါက အောက်ဖော်ပြပါစီမံခန့်ခွဲရေးတာဝန်များ ကို သတ်မှတ်ထားချက်များနှင့်အညီ ရွေးချယ်ရမည်။

| | |
|---|---|
| (၁) ဥက္ကဋ္ဌ | (၁) ဦး |
| (၂) ဒုတိယဥက္ကဋ္ဌ | အများဆုံး(၃) ဦး |
| (၃) အတွင်းရေးမှူး | (၁) ဦး |
| (၄) တွဲဘက်အတွင်းရေးမှ | အများဆုံး(၃) ဦး |
| (၅) ဘဏ္ဍာရေးမှူး | (၁) ဦး |
| (၆) တွဲဘက်ဘဏ္ဍာရေးမှူး | (၁) ဦး |
| (၇) စာရင်းစစ် | (၁) ဦး |

(င) အထက်ပါ စီမံခန့်ခွဲရေး ရာထူး၊ တာဝန်များတွင် ထမ်းဆောင်မည့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များသည် ကိုယ်တိုင်ဆန္ဒပြုရမည်။

(စ) အဆိုပြုသူဦးရေသည် ရွေးချယ်ခံရမည့် ဦးရေထက် ကျော်လွန်နေပါက လျှို့ဝှက်မဲဆန္ဒဖြင့် ရွေးချယ်ရမည်။

(ဆ) လျှို့ဝှက်မဲဆန္ဒတူညီနေပါက ရွေးချယ်ရေးကော်မရှင် ဥက္ကဋ္ဌ၏ အဆုံးအဖြတ်သည် အတည် ဖြစ်သည်။

(ဇ) ဗဟိုအလုပ်အမှုဆောင် ဥက္ကဋ္ဌသည် သက်တမ်းတစ်ကြိမ်လျှင် (၂) နှစ်စီဖြင့် သက်တမ်း (၂) ကြိမ်ဆက်တိုက် အရွေးခံပိုင်ခွင့်ရှိသည်။ ကျန်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ သက်တမ်းကို သတ်မှတ်ထားခြင်းမရှိစေရ။ အကယ်၍ ဥက္ကဋ္ဌအသစ်အဖြစ် ယှဉ်ပြိုင်သူ မရှိလျှင် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များမှ သဘောတူပါက ဥက္ကဋ္ဌသည် တတိယအကြိမ် အရွေးခံပိုင်ခွင့်ရှိသည်။ ဥက္ကဋ္ဌသည် သက်တမ်း (၂) ကြိမ်ပြည့်သွားပါက နောက်တစ်ခါဥက္ကဋ္ဌအဖြစ် အရွေးခံနိုင်ရန် သက်တမ်း (၁) ကြိမ် နားရမည်။ သို့သော် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်နှင့် အခြားရာထူးများတွင် ဝင်ရောက် ရွေးချယ် ယှဉ်ပြိုင်ခွင့်ရှိသည်။

(ဈ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အဓိက ရာထူးနေရာများနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နေရာ လစ်လပ်လာပါက ယင်းလစ်လပ်သည့် နေရာကို လစ်လပ်သည့်အတိုင်း ထားရှိ သင့်သည်ဟု ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ထင်မြင်ယူဆလျှင် ယင်းသို့ လစ်လပ်နေသည့် အတိုင်း ထားရှိနိုင်သည်။

(ည) လစ်လပ်သောနေရာအတွက် ရွေးချယ်ဖြည့်ဆည်း တာဝန်ပေးအပ်ရန် လိုအပ်သည်ဟု ဆုံးဖြတ်ပါက ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(၁) ဥက္ကဋ္ဌ ရာထူးနေရာဖြစ်ပါက ဒုတိယဥက္ကဋ္ဌထဲမှ တစ်ဦးအား ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဆန္ဒမဲရွေးချယ်ရန်။

(၂) အတွင်းရေးမှူး ရာထူးနေရာဖြစ်ပါက တွဲဘက်အတွင်းရေးမှူးများထဲမှ တစ်ဦးကို မဲဆန္ဒဖြင့် ရွေးချယ်ရမည်။

(၃) အခြားစီမံခန့်ခွဲရေးအဖွဲ့ဝင်များလစ်လပ်ပါက ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များထဲမှ တစ်ဦးဦးကို ဗဟိုအလုပ်အမှုဆောင်များ၏ မဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(၄) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေ လိုအပ်လျှင် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးခေါ်ယူ၍ အများဆန္ဒဖြင့် ရွေးချယ်ရမည်။

၂၄။ **ရေးရာလုပ်ငန်းကော်မတီများ။**

(က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အသင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းများကို တစ်ပြေးညီ အောင်မြင် အကောင်အထည်ဖော်နိုင်ရန် ရေးရာလုပ်ငန်းကော်မတီများကို ဖွဲ့စည်း တာဝန်ပေးအပ် နိုင်သည်။

(ခ) ရေးရာလုပ်ငန်းကော်မတီသည် နိုင်ငံသား အသင်းသားများ၊ အတတ်ပညာရှင်၊ အသိပညာရှင် နှင့် ကျွမ်းကျင်သူများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) ရေးရာလုပ်ငန်းကော်မတီတွင် ပါဝင်သူများသည် ရေးရာဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် အနည်းဆုံး ( ၅ )ဦးဖြင့် ဖွဲ့စည်းရမည်။

၂၅။ **ရုံးအဖွဲ့ ဖွဲ့စည်းခြင်း။**

(က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အသင်းရုံးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်း၍ ဝန်ထမ်းများကို ရွေးချယ်ခန့်ထား တာဝန်ပေးအပ်ရမည်။

(ခ) အဆိုပါ ရုံးအဖွဲ့ကို အသင်းအတွင်းရေးမှူးနှင့် တွဲဘက်အတွင်းရေးမှူးများက ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်ရမည်။

(ဂ) ရုံးအဖွဲ့၏ ငွေကြေးဆိုင်ရာကိုဘဏ္ဍာရေးမှူးနှင့်စာရင်းစစ်တို့ကပါဝင်၍ စစ်ဆေးကြီးကြပ်ခြင်း ပြုလုပ်နိုင်သည်။

၂၆။ **သက်တမ်းကာလ သတ်မှတ်ချက်။**

(က) အသင်း၏ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ သက်တမ်းသည် တစ်ကြိမ်လျှင်( ၂ ) နှစ်ဖြစ်သည်။

(ခ) သက်တမ်း (၂) နှစ်ပြည့်သောအခါ လက်ရှိအလုပ်အမှုဆောင်အဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ အားလုံးနုတ်ထွက်၍ အမှုဆောင်အသစ်များအဖြစ် ရွေးချယ်တင်မြှောက် ခံရမည်။

(ဂ) အသင်းက ဖွဲ့စည်းတာဝန်ပေးအပ်ထားသော အခြားအဖွဲ့များ၊ ကော်မတီများ လုပ်ငန်းကော်မတီများ၊ ကော်မရှင်များ ကိုယ်စားလှယ်များ စသည်တို့သည် အလိုအလျောက် တပြိုင်တည်း သက်တမ်း ကုန်ဆုံးသည်။

(ဃ) အသင်းဥက္ကဋ္ဌသည် ဆက်တိုက်သက်တမ်း (၂)ကြိမ် အထိသာ ရွေးချယ်ခံ၍ တာဝန်ထမ်းဆောင်ခွင့်ရှိသည်။ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ သဘောတူပါက ဥက္ကဋ္ဌသည် တတိယအကြိမ် သက်တမ်းကို ယှဉ်ပြိုင်နိုင်သည်။ သက်ဆိုင်ရာ ရာထူးတာဝန်တွင် ဆက်တိုက် (၂) ကြိမ် ထမ်းဆောင်ပြီးပါက ထိုရာထူးနေရာများမှ သက်တမ်း တစ်ကြိမ် အနားယူပြီးမှသာ ဥက္ကဋ္ဌ တာဝန်ကို ပြန်လည် ရွေးချယ်ခံပိုင်ခွင့် ရှိသည်။

(င) အထက်အပိုဒ်အရ (၂) နှစ်ပြည့်သော်လည်း လက်ရှိ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ ကော်မတီများ၊ ရေးရာလုပ်ငန်းကော်မတီများသည် လာမည့် သက်တမ်း ကာလအတွက် ရွေးချယ်တင်မြှောက်ခံရသော ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များအား (၁)လ အတွင်း တာဝန်လွှဲပြောင်းပေးရမည်။

## အခန်း ၇

## အလုပ်အမှုဆောင်အဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ကော်မတီများ၏အရည်အချင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၇။ **အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်ရန် အရည်အချင်း ။**

(က) အသင်း၏ အကျိုးစီးပွားကိုဖေါ်ဆောင်၍ အသင်း၏ဂုဏ်သိက္ခာမြင့်မာရေးကို ရှေးရှုဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ခ) အသင်းသားအရည်အချင်းနှင့်ပြည့်စုံသည့်အပြင် အသက် ၂၅နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်၍ စီးပွားရေးကျင့်ဝတ် (Business Ethics) ကို လိုက်နာကျင့်သုံးနေသူဖြစ်ရမည်။

(ဃ) အသင်းသားအဖြစ် တစ်နှစ်သက်တမ်း ပြည့်ပြီးသည့်အပြင် အသင်းသားနှစ်စဉ်ကြေးနှင့် အသင်းသို့ပေးသွင်းရန်ရှိသော ငွေကြေးတစ်စုံတစ်ရာကို အကြေအလည်ပေးသွင်းပြီး ဖြစ်သော အခန်း(၃)၊ အပိုဒ်-၇ (က)ပါ အသင်းသားများသည် အလုပ်အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်ရန် ဆန္ဒပြုနိုင်သည်။ မြန်မာနိုင်ငံသားဖြစ်ရမည်။ မိမိကိုယ်ပိုင်လုပ်ငန်းပိုင်ရှင် (သို့မဟုတ်) နိုင်ငံသားပိုင်ကုမ္ပဏီအဖြစ် အသိအမှတ်ပြုခံထားရသော ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင် ဖြစ်ရမည်။

(င) အသင်း ဗဟိုအလုပ်အမှုဆောင်(သို့မဟုတ်) အလုပ်အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် သက်တမ်းတစ်ကြိမ် တာဝန်ထမ်းဆောင်ပြီးမှသာ ဗဟိုအလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခံခွင့်ရှိသည်။

## ၂၈။ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏တာဝန်များ ။

အသင်းအလုပ်အမှုဆောင်အဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို ထမြောက်အောင်မြင်စေရန် လိုအပ်သလို ပူးပေါင်းပါဝင် ကြိုးကြပ်ဆောင်ရွက်ရမည်။

(ခ) အသင်းက ချမှတ်သော မူဝါဒနှင့် ပေးအပ်သောတာဝန်များကို အောင်မြင်ပြီးမြောက်အောင် ကြိုးကြပ်ကြိုးပမ်း ဆောင်ရွက်ရမည်။

(ဂ) အသင်းလုပ်ငန်းများကို အသေးစိတ် ဆောင်ရွက်နိုင်စေရန်အတွက် ကိစ္စတစ်ခုချင်းအလိုက် လိုအပ်သောအဖွဲ့များ၊ ကော်မတီများ၊ ကော်မရှင်များကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ဃ) အသင်း၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို မျက်ခြည်မပြတ် လေ့လာစိစစ်၍ လုပ်ငန်းများ ပိုမိုအဆင်ပြေ တိုးတက်အောင်မြင်ရေးအတွက် ကြိုးကြပ်လမ်းညွှန် ဆောင်ရွက်ရမည်။

(င) အသင်း၏ဘဏ္ဍာရေးအခြေအနေ၊ ရငွေသုံးငွေအခြေအနေတို့ကို မျက်ခြည်မပြတ် လေ့လာစိစစ်၍ အသင်းချုပ်၏ ရန်ပုံငွေ ပြည့်စုံလုံလောက်စေရေးနှင့် အကျိုးရှိစွာ သုံးစွဲနိုင်ရေးတို့အတွက် ကြိုးကြပ်စီစဉ် ဆောင်ရွက်ရမည်။

(စ) အသင်းအစည်းအဝေးများကို သတ်မှတ်ချက်အတိုင်း ကျင်းပနိုင်ရေးအတွက် ကြိုးကြပ်စီစဉ်ဆောင်ရွက်ရမည်။

## ၂၉။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသင်း၏ ရည်ရွယ်ချက်များ အောင်မြင်ထမြောက်၍ လုပ်ငန်းတာဝန်များ ပြီးမြောက်အောင်မြင် စေရေးအတွက် ဦးဆောင်မှုပေးရမည်။။

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား လုပ်ငန်းတာဝန်များကို လိုအပ်သလို ခွဲဝေ တာဝန်ပေးအပ်ပါရမည်။

(ဂ) အသင်း၏ဘဏ္ဍာရေးကိစ္စ၊ ရငွေသုံးငွေကိစ္စရပ်များကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှု၍ လိုအပ်သလို စီမံထိန်းကျောင်းမှု ပြုရမည်။

(ဃ) အသင်းနှင့်တကွ အသင်းသားများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်ရှေးရှု ဆောင်ရွက်ရမည်။

(င) ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ ကြီးမှူးစီစဉ်သော အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ အခမ်းအနားများတွင် သဘာပတိအဖြစ် တာဝန်ယူ၍ ဦးဆောင်မှု၊ ကြီးကြပ်မှု ပြုလုပ်ဆောင်ရွက်ပေးရမည်။ ဥက္ကဋ္ဌ မအားလပ်သည့်အခါများတွင် ဒုတိယဥက္ကဋ္ဌ တစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။

(စ) အသင်းတွင်လိုအပ်သော ရေးရာ/လုပ်ငန်းကော်မတီများ ဖွဲ့စည်းရေးအတွက် ဦးဆောင်ကြီးကြပ် စီစဉ်ဆောင်ရွက်ရမည်။

(ဆ) အသင်း၏ နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးများ ကျင်းပရေးအတွက် လိုအပ်သည်များကို ဦးဆောင်ကြီးကြပ် ဆောင်ရွက်ရမည်။

(ဇ) အသင်းရုံးနှင့် ရုံးခွဲများ၏ လုပ်ငန်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စေရေးနှင့် စနစ်တကျ အောင်မြင်တိုးတက်ရေးတို့အတွက် ရုံးဝန်ထမ်းများ ခန့်ထားခြင်းနှင့် ရုံးလုပ်ငန်းဆောင်ရွက်ခြင်းတို့တွင် ဦးဆောင်ကြီးကြပ် လမ်းညွှန်မှု ပြုလုပ်ရမည်။

(ဈ) အသင်းက ကြီးမှူးကျင်းပသော အစည်းအဝေးများ၊ ဆွေးနွေးပွဲများတွင် ဆွေးနွေးဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ဦးဆောင်မှု၊ ကြီးကြပ်မှုများ ပြုလုပ်ပေးရမည်။

(ည) ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဥက္ကဋ္ဌအား တစ်ကြိမ်စီအတွက် သတ်မှတ်ထားသော ငွေကြေးသုံးစွဲခွင့်ပမာဏထက် မပိုစေဘဲ အသင်းလုပ်ငန်းများ အောင်မြင်ရေးအတွက် သုံးစွဲခွင့်ရှိသည်။ ယင်းပမာဏထက် ကျော်လွန်သုံးစွဲရန် ခိုင်လုံသောအကြောင်းပြချက်ရှိပါက ကြိုတင်သုံးစွဲခွင့်ပြု၍ အနီးဆုံး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် အတည်ပြုချက် ရယူရမည်။

## ၃၀။ __ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ။__

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဥက္ကဋ္ဌအား တာဝန်ခံ၍ ဥက္ကဋ္ဌက ခွဲဝေပေးအပ်သော တာဝန်များကို ဆောင်ရွက်ရမည်။

(ခ) ဥက္ကဋ္ဌ မရှိသည့်အခါ ဥက္ကဋ္ဌက တာဝန်ပေးအပ်သော ဒုတိယဥက္ကဋ္ဌတစ်ဦးဦးသည် ဥက္ကဋ္ဌ၏ တာဝန်များကို ထမ်းဆောင်ရမည်။

(ဂ) ဒုတိယဥက္ကဋ္ဌများသည် မိမိအား တာဝန်ခွဲဝေပေးအပ်သော လုပ်ငန်းကဏ္ဍများ တိုးတက်အောင်မြင်မှုရှိစေရန်အတွက် ဥက္ကဋ္ဌကိုယ်စား ဦးဆောင်မှုပေး၍ လမ်းညွှန်ကြီးကြပ်ဆောင်ရွက်ရမည်။

(ဃ) ဒုတိယဥက္ကဋ္ဌတစ်ဦးစီသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်ပေးထားသော တစ်ကြိမ်အတွက် ငွေသုံးစွဲခွင့်ပမာဏထက် မပိုသောငွေကို သုံးစွဲခွင့်ရှိသည်။

(င) အသင်းကျစ်လျစ်ခိုင်မာရေး စည်းလုံးညီညွတ်ရေးနှင့် တိုးတက်အောင်မြင်ဖွံ့ဖြိုးရေးတို့အတွက် စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

## ၃၁။ __အထွေထွေအတွင်းရေးမှူးနှင့်တွဲဘက်အထွေထွေအတွင်းရေးမှူးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ။__

အတွင်းရေးမှူးနှင့် တွဲဘက်အတွင်းရေးမှူးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများအား တာဝန်ခံရမည်။

(ခ) အသင်း၏ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန်နှင့် လုပ်ငန်းတာဝန်များ ပြီးမြောက်အောင်မြင်မှုရရှိအောင် အကောက်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) အသင်း၏ ရုံးလုပ်ငန်းကိစ္စအဝဝကို စနစ်တကျ အောင်မြင်မှုရရှိစေရန် အချိန်ပြည့် (သို့မဟုတ်)အချိန်ပိုင်းအဖြစ် သတ်မှတ်တာဝန်ယူ၍ ကြီးကြပ်ထိန်းကျောင်း ဆောင်ရွက်ရမည်။

(ဃ) အသင်း၏အစည်းအဝေးများ၊ တွေ့ဆုံပွဲများ၊ ဟောပြောပွဲများ၊ ပြပွဲများ၊ သင်တန်းများ၊ ဆွေးနွေးပွဲများ စသည်တို့အပါအဝင် အသင်းကတာဝန်ယူဆောင်ရွက်သည့် အခမ်းအနားများ ကျင်းပနိုင်ရေးနှင့် အောင်မြင်ချောမွေ့စွာ ပြီးမြောက်စေရေးအတွက် အသေးစိတ်လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရမည်။

(င) အသင်းအစည်းအဝေးဆုံးဖြတ်ချက်များ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၏ လမ်းညွှန်ချက် များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ဆောင်ရွက်ရမည်။

(စ) အသင်း၏ ပြည်တွင်းပြည်ပ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ဘဏ္ဍာရေးအခြေအနေတို့ကို အခါအားလျော်စွာ အစီရင်ခံစာပြုစု၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့/ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများနှင့် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးသို့ တင်ပြခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အစီရင်ခံစာတင်ပြခြင်းများကို ကြီးကြပ်ဆောင်ရွက်ရမည်။

(ဆ) ဝန်ထမ်းများရွေးချယ်ခန့်ထားခြင်း၊ တာဝန်ခွဲဝေပေးအပ်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ဝန်ထမ်းများအား စည်းကမ်းစနစ်ကျနစွာဖြင့် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ရန် တွန်းအားပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ အရေးယူအပြစ်ပေးခြင်း စသည့်တို့အပါအဝင် ဝန်ထမ်းဖြစ်စဉ်အားလုံးကို စနစ်တကျလမ်းညွှန်ကြီးကြပ် ထိန်းကျောင်း ဆောင်ရွက်ရမည်။

၃၂။ **<u>အသင်းဘဏ္ဍာရေးမှူးတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ။</u>**

အသင်းဘဏ္ဍာရေးမှူးတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အသင်းပိုင်ရန်ပုံငွေများကို စနစ်တကျထိန်းသိမ်းခြင်း၊ ထုတ်ပေးခြင်းတို့ကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ စနစ်တကျ စာရင်းရေးသွင်း ဆောင်ရွက်ရမည်။

(ခ) အသင်း၏ ဘဏ္ဍာငွေအရ ရသုံးမှန်းခြေစာရင်းများကို နှစ်စဉ်ရေးဆွဲသတ်မှတ် လျာထား၍ ငွေစာရင်းခေါင်းစဉ်အလိုက် သုံးစွဲမှုအခြေအနေကို စောင့်ကြည့်စီစစ်ပြီး အခြေအနေကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်သတ်မှတ်ချက်အရ လက်ဝယ်ထားရှိ သုံးစွဲခွင့်ပမာဏထက် မကျော်လွန်သောငွေကြေးကို လက်ဝယ်ထားရှိ၍ ခွဲဝေထုတ်ပေးသုံးစွဲခွင့်ရှိသည်။

(ဃ) အသင်း၏ရငွေသုံးငွေစာရင်းရှင်းတမ်းနှင့် ဘဏ္ဍာရေးအခြေအနေတို့ကို သတ်မှတ်သည့်အတိုင်း စာရင်းရေးသွင်းပြုစုခြင်း၊ စာရင်းပိတ်ခြင်းပြုလုပ်၍ စီမံခန့်ခွဲရေးကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးသို့ လိုအပ်သလို တင်ပြပြီး မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်းများ ပြုလုပ်ရမည်။

(င) အသင်းက ရရန်ရှိသောငွေကြေးများကို အချိန်မီတောင်းခံရယူ၍ စာရင်းရေးသွင်းပြီး ဘဏ်သို့ အပ်နှံခြင်း၊ အသုံးစရိတ်တောင်းခံလွှာများကို သတ်မှတ်ချက်နှင့် ညီညွတ်မှုရှိ၊ မရှိ စီစစ်၍ ထုတ်ပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ရမည်။

(စ) အသင်းငွေစာရင်းများကို စစ်ဆေးသောစာရင်းစစ်အား လိုအပ်သောစာရွက်စာတမ်း အထောက်အထားများကို ရှင်းလင်းပြသ၍ ကူညီဆောင်ရွက်ပေးရမည်။

## ၃၃။ **စာရင်းစစ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ။**

အသင်းစာရင်းစစ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အသင်း၏ ရငွေသုံးငွေစာရင်းများ၊ စာရွက်စာတမ်းများ၊ ပစ္စည်းများ၊ လုပ်ငန်းများကို သုံးလတစ်ကြိမ် ပုံမှန်စစ်ဆေးရမည်။

(ခ) ပုံမှန်စာရင်းစစ်ဆေး တွေ့ရှိမှုအခြေအနေကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ပြဋ္ဌာန်းထားသော ဘဏ္ဍာရေးနှစ်ကာလ အတိုင်းအသင်း၏နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးသော အသင်းနှစ်အတွက် နှစ်ချုပ်ငွေစာရင်း ရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာတို့ကို ရေးဆွဲပြုစုပြီးလျှင် အသင်းသားစုံညီ အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

## ၃၄။ **ရေးရာလုပ်ငန်းကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ။**

အသင်း၏ရေးရာလုပ်ငန်းကော်မတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) ဖွဲ့စည်းထားသော ရေးရာလုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ရေးဆွဲပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အတည်ပြုချက်ရယူရမည်။

(ခ) ရေးရာလုပ်ငန်းကော်မတီအလိုက် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များကို ပြီးစီး အောင်မြင် ထမြောက်အောင် ကြိုးကြပ်စီစဉ် ဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းကော်မတီတစ်ခုချင်း၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ဗဟိုအလုပ်အမှုဆောင် အဖွဲ့သို့ ပုံမှန်တင်ပြ အစီရင်ခံရမည်။

# **အခန်း ၈**

# **ရွေးချယ်တင်မြှောက်ခြင်း**

## ၃၅။ **ရွေးချယ်တင်မြှောက်သည့်စနစ် ။**

အသင်း၏ အလုပ်အမှုဆောင်အဖွဲ့နှင့် ဗဟိုအမှုဆောင်အဖွဲ့တို့တွင် ပါဝင်ဆောင်ရွက်ရန် ကာယကံရှင်ကိုယ်တိုင်ဆန္ဒပြု၍ သက်ဆိုင်သော အသင်းဝင်/ပုဂ္ဂိုလ်များက မဲဆန္ဒ ပေးစေပြီး ဆန္ဒမဲများရာ စနစ်အရ အများသဘောတူ ရွေးချယ်တင်မြှောက်သည့် စနစ်ကို ကျင့်သုံးဆောင်ရွက်

ရမည်။ ရွေးချယ်တင်မြှောက်ရန် အခြားနည်းလမ်းကို သတ်မှတ်ထားခြင်း မရှိပါက လျှို့ဝှက်မဲဆန္ဒပေးသည့် စနစ်ကို ကျင့်သုံးရမည်။

၃၆။ **ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်ဖွဲ့စည်းခြင်း ။**

အသင်း၏အလုပ်အမှုဆောင်အဖွဲ့ နှင့် ဗဟိုအမှုဆောင်အဖွဲ့တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များအား ရွေးချယ် တင်မြှောက်ရေးကိစ္စကို ကြီးကြပ်ဆောင်ရွက်ရန်အတွက် "အသင်းအမှုဆောင်များ ရွေးချယ် တင်မြှောက်ရေး ကြီးကြပ်မှုကော်မရှင် " ကို အသင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့က အသင်းနှင့်စပ်လျဉ်း၍ အတွေ့အကြုံရှိပြီး အများ၏ ကြည်ညိုလေးစားခြင်းခံရသည့် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ရမည်။

၃၇။ **ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှု ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

အသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်မှုကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွတ်လပ်၍ တရားမျှတသော ရွေးချယ်တင်မြှောက်ခြင်းဖြစ်စေရန် ရေးရှုပြီးလျှင် အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့် အသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်များအပေါ် အခြေခံပြု၍ ကြီးကြပ် ဆောင်ရွက်ရမည်။

(ခ) ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်သည် အသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့က ပြုစုပေးပို့သော အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခံမည့် ပုဂ္ဂိုလ်များ၏စာရင်းကို ရယူစီစစ်၍ ထုတ်ပြန်ကြေငြာရမည်။

(ဂ) ရွေးချယ်တင်မြှောက်ပွဲကျင်းပရန်ရက်နှင့်ပတ်သက်၍ ကော်မရှင်သည် အသင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ညှိနှိုင်းပြီးလျှင် သင့်လျော်မည့်ရက်ကို သတ်မှတ်ဆောင်ရွက်နိုင်သည်။

(ဃ) ရွေးချယ်တင်မြှောက်ခြင်းအတွက် လိုအပ်သောရုံးကိစ္စအဝဝနှင့် အသုံးစရိတ်တို့ကို အသင်းက ပံ့ပိုးဆောင်ရွက်ပေးရမည်။

(င) ရွေးချယ်တင်မြှောက်ပွဲအဆင့်ဆင့်ကို စနစ်တကျကျင်းပပြီးနောက် ရွေးချယ်တင်မြှောက်ခြင်း အစီရင်ခံစာကို ရွေးချယ်ခံရသောပုဂ္ဂိုလ်များ၏ အမည်စာရင်းနှင့်အတူ အသင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

(စ) ရွေးချယ်တင်မြှောက်ခြင်းနှင့်ပတ်သက်၍ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြထားခြင်း မရှိသော ကိစ္စများအတွက် ကော်မရှင်သည် အသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ညှိနှိုင်းဆုံးဖြတ်၍ ဆောင်ရွက်နိုင်သည်။

၃၈။ **ရွေးချယ်တင်မြှောက်ရန်နည်းလမ်း။**

အသင်း၏အလုပ်အမှုဆောင်အဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ရာတွင် အောက်ပါနည်းလမ်းအတိုင်း ဆောင်ရွက်ရမည် -

(က) အသင်းအလုပ်အမှုဆောင်အဖွဲ့တွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် သတ်မှတ်ထားသော အရည်အချင်းပြည့်မီသော အသင်းသားများအနေနှင့် ကိုယ်တိုင်ဆန္ဒပြုလွှာများ တင်သွင်းနိုင်စေရန် သင့်လျော်သောနည်းလမ်းများဖြင့် အသိပေးကြေငြာရမည်။

(ခ) အသင်း၏ လက်ရှိ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များသည်လည်း ကိုယ်တိုင်ဆန္ဒပြုလွှာ တင်သွင်းရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အလုပ်အမှုဆောင်အဖွဲ့တွင် ပါဝင်ဆောင်ရွက်ရန် ကိုယ်တိုင်ဆန္ဒပြုသူများ၏ အမည်စာရင်းများကိုစီစစ်ပြီးလျှင် သက်ဆိုင်ရာအရည်အချင်း ကိုက်ညီသောပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်မှု ကော်မရှင်ထံ ပေးပို့ရမည်။

(ဃ) ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်မှုကော်မရှင်သည် အထက်အပိုဒ်-၃၈ (ခ)နှင့်(ဂ)ပါ ပုဂ္ဂိုလ်များကို ဖိတ်ကြား၍ သတ်မှတ်ထားသော အလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေ ရရှိစေရန်အတွက် အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခံရန် အဆိုပြုထားသော ပုဂ္ဂိုလ်များအပေါ် အသင်းသားများ၏ အများသဘောတူ လျှို့ဝှက်မဲဆန္ဒပေးသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်ရမည်။

(င) ရွေးချယ်ခံရန် ဆန္ဒပြုထားသောပုဂ္ဂိုလ်သည် မလွှဲမရှောင်သာသောကိစ္စကြောင့် မဲဆန္ဒပေးရမည့်နေ့ရက်တွင် ကိုယ်တိုင်တက်ရောက်ခြင်း မပြုနိုင်ပါက မိမိကိုယ်စား မဲဆန္ဒ ပေးရန်အတွက် အခြားမဲဆန္ဒပေးခွင့်ရှိသူ တစ်ဦးဦးအား ကိုယ်စားလှယ်အဖြစ် စာဖြင့် လွှဲအပ်နိုင်သည်။ မိမိကိုယ်တိုင်လည်း အရွေးချယ်ခံမည်ဖြစ်ကြောင်းနှင့် ကိုယ်တိုင် မတက်ရောက်နိုင်ကြောင်း ခွင့်ပန်စာကို စာဖြင့် တရားဝင်ဆန္ဒပြုနိုင်သည်။

(စ) အထက်အပိုဒ် ၃၈(င) ပါ ကိုယ်စားလှယ်သည် ရွေးချယ်တင်မြှောက်ပွဲအဆင့်တိုင်းတွင် ကိုယ်စား မဲဆန္ဒပေးခွင့်ရှိသည်။

(ဆ) ရွေးချယ်တင်မြှောက်ပွဲ အဆင့်တိုင်းတွင် ကိုယ်တိုင်ဆန္ဒပြုသူ ဦးရေသည် သတ်မှတ်ထားသော ဦးရေထက် ကျော်လွန်နေပါက အများသဘောတူ လျှို့ဝှက်မဲဆန္ဒပေး၍ ရွေးချယ်သည့်စနစ်ကို ကျင့်သုံးဆောင်ရွက်ရမည်။

## ၃၉။ အလုပ်အမှုဆောင်အဖွဲ့ဝင်များကိုရွေးချယ်တင်မြှောက်ခြင်း။

ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်သည် အသင်းအလုပ်အမှုဆောင်အဖွဲ့အတွက် သတ်မှတ်ထားသော အဖွဲ့ဝင်ဦးရေ ရရှိစေရန် အောက်ပါနည်းလမ်းဖြင့် ရွေးချယ်ဆောင်ရွက်ရမည် -

(က) အခန်း-၃ ၊ အပိုဒ် ၇(က)ပါ အရည်အချင်းများနှင့် ကိုက်ညီသော အသင်းသားများသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်အသစ် ရွေးချယ်ရာတွင် ပါဝင်ရွေးချယ်ခံရန် ဆန္ဒပြုနိုင်သည်။

(ခ) စနစ်တကျ ဖွဲ့စည်းထားသော ပြည်နယ်နှင့်တိုင်း ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းခွဲမှ စေလွှတ်သော ဥက္ကဋ္ဌ (သို့မဟုတ်) ဗဟိုအလုပ်အမှုဆောင်များသည် ဆန္ဒမဲပေး၍ အသင်းချုပ်တွင် အလုပ်အမှုဆောင်အဖြစ် ဆန္ဒမဲပေး၍ ရွေးချယ်ခံရန် မလိုတော့ဘဲ အလိုအလျောက် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် သတ်မှတ်ခြင်း ခံရမည်ဖြစ်သည်။ သို့သော်လည်း ထို တိုင်းနှင့်ပြည်နယ်မှ အလုပ်အမှုဆောင်များသည် အသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရွေးချယ်ခံခြင်းနှင့် ဆန္ဒမဲပေးခြင်းတို့အား လုပ်ပိုင်ခွင့်မရှိစေရ။

(ဂ) အထက်အပိုဒ် ၂၂(ခ)ပါ အလုပ်အမှုဆောင် အဖွဲ့ဝင်ဦးရေကို ရရှိရန်အတွက် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရန် ဆန္ဒပြုထားသော ပုဂ္ဂိုလ်များအား အသင်းသားများ၏ လျှို့ဝှက်မဲဆန္ဒပေးစနစ်ဖြင့် ရွေးချယ်ရမည်။

(ဃ) အထက်ပါနည်းလမ်းအတိုင်း အသင်းသားများ၏ များရာဆန္ဒဖြင့် ရွေးချယ်ခံရသော အလုပ်အမှုဆောင်များနှင့် အထက်အပိုဒ် ၃၉(ခ)ပါ အလုပ်အမှုဆောင်အဖြစ် အလိုအလျောက် သတ်မှတ်ခံရသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကိုပြုစု၍ ထုတ်ပြန်ကြေငြာရမည်။

(င) ယင်းပုဂ္ဂိုလ်များအနက်မှ သတ်မှတ်သည့်အရည်အချင်း ပြည့်မီသော ပုဂ္ဂိုလ်များအား ဗဟိုအလုပ်အမှုဆောင်အဖွဲ့အတွက် လိုအပ်သောဦးရေရရှိရန် ဆက်လက်ရွေးချယ်တင်မြှောက်ပြီး ကျန်ဦးရေသည် အသင်း၏ အလုပ်အမှုဆောင်များအဖြစ် ဆောင်ရွက်ရန်ဖြစ်သည်။

## ၄၀။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များကိုရွေးချယ်တင်မြှောက်ခြင်း။

ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်မှုကော်မရှင်သည် အသင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့အတွက် သတ်မှတ်ထားသော အဖွဲ့ဝင်ဦးရေ ရရှိစေရန် အောက်ပါနည်းလမ်းဖြင့် ရွေးချယ်ဆောင်ရွက်ရမည်-

(က) ရှေးဦးစွာ အထက်အပိုဒ် ၃၉(ဃ)အရ ကြေငြာခဲ့သော အလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေထဲမှ အများဆုံး(၂၀)ဦးကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေအဖြစ် သတ်မှတ်ရန်ဖြစ်ပြီး ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင်ဦးရေကို ရရှိစေရန်အတွက် ဆက်လက်ရွေးချယ်တင်မြှောက်ရမည်။

(ခ) ရွေးချယ်တင်မြှောက်ရန် ပုဂ္ဂိုလ်များအနက် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ရန် သတ်မှတ်ထားသော အရည်အချင်းပြည့်မီသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ဦးစွာ စီစစ်ပြုစုရမည်။

(ဂ) အထက်အပိုဒ် ၄၀(ခ)ပါပုဂ္ဂိုလ်များအနက် အရည်အချင်းပြည့်မီပြီး ကိုယ်တိုင်ဆန္ဒပြုသူများထဲမှ အပိုဒ် ၂၃(က)၊ အပိုဒ် ၄၀(က)ပါ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေကို ရရှိစေရန်အတွက် ရွေးချယ် ကြေငြာထားပြီးသော ၃၉(ဃ)ပါ အလုပ်အမှုဆောင်အဖွဲ့ဝင်များက လျှို့ဝှက်မဲဆန္ဒ များရာစနစ်ဖြင့် ရွေးချယ်ရမည်။

(ဃ) အထက်အပိုဒ် ၄၀(ဂ)အရ ရွေးချယ်ခံရသောပုဂ္ဂိုလ်များ၏ အမည်စာရင်းကို လာမည့်သက်တမ်းအတွက် ရွေးချယ်ခံရသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအဖြစ် ထုတ်ပြန်ကြေငြာရမည်။

(င) ထို့နောက် အသင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ စီမံခန့်ခွဲမှုတာဝန်များဖြစ်ကြသော ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဘက်အတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်တို့ကို သတ်မှတ်ထားသော ဦးရေရရှိစေရန်အတွက် စီမံခန့်ခွဲမှုတာဝန် တစ်ခုချင်းစီအလိုက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ လျှို့ဝှက်မဲဆန္ဒများရာစနစ်ဖြင့် အဆင့်ဆင့် ဆက်လက်ရွေးချယ် တင်မြှောက်ရမည်။

(စ) ယင်းသို့ ရွေးချယ်တင်မြှောက်ရာတွင် ဥက္ကဋ္ဌရာထူးမှစ၍ ရာထူးတစ်ခုချင်းအလိုက် ရွေးချယ်ခံရန် သတ်မှတ်အရည်အချင်းပြည့်မီ၍ ကိုယ်တိုင်ဆန္ဒပြုသော ပုဂ္ဂိုလ်များအနက်မှ ဖွဲ့စည်းပုံ

အရ သတ်မှတ်သော ဦးရေရရှိစေရန်အတွက် အထက်အပိုဒ် ၄၀(ဃ)ပါ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက လျှို့ဝှက်မဲဆန္ဒများရာစနစ်ဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(ဆ) တစ်ဦးထက်ပို၍ ရွေးချယ်ခံရန်လိုအပ်သော ရာထူးတာဝန်တစ်မျိုးစီ (ဥပမာ- ဒုတိယဥက္ကဋ္ဌများ၊ တွဲဘက်အတွင်းရေးမှူးများ)တို့အတွက် ရာထူးတစ်မျိုးလျှင် တစ်ကြိမ်တည်းဖြင့် ရွေးချယ်ပွဲကို ကျင်းပပြီးလျှင် ဆန္ဒမဲများရာမှ နည်းရာသို့ တန်းစီ၍ ဆန္ဒမဲများရာ ပုဂ္ဂိုလ်များအား အစဉ်အလိုက် ရွေးချယ်တင်မြှောက်ရမည်။

(ဇ) အထက်အပိုဒ်-၄၀ (င)၊ (စ) နှင့် (ဆ) အရ ရွေးချယ်ခံရသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ စီမံခန့်ခွဲရေးတာဝန်များကို ထမ်းဆောင်မည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ကြေငြာရမည်။

## အခန်း ၉

## အစည်းအဝေးများ ကျင်းပခြင်း။

### ၄၁။ ပုံမှန်အစည်းအဝေးများ။

အောက်ပါအစည်းအဝေးများကို ပုံမှန်အစည်းအဝေးများအဖြစ် ကြိုတင်ရက်သတ်မှတ်ပြီး ပုံစံဇယား ရေးဆွဲ၍ မပျက်မကွက် ကျင်းပရမည်-

(က) နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး

(ဂ) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး

(ဃ) ရေးရာလုပ်ငန်းကော်မတီတစ်ခုချင်းစီ၏ အစည်းအဝေးများ

### ၄၂။ အထူးအစည်းအဝေးများ။

အသင်းအနေဖြင့် လိုအပ်သည့်အခါတိုင်း အောက်ပါ အစည်းအဝေးများကို အထူးအစည်းအဝေးများအဖြစ် အချိန်မရွေး ခေါ်ယူကျင်းပနိုင်သည်-

(က) အသင်းသားစုံညီအထူးအစည်းအဝေး

(ခ) လုပ်ငန်းညှိနှိုင်းအစည်းအဝေး

(ဂ) အရေးပေါ်အစည်းအဝေး

### ၄၃။ နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပခြင်း။

အသင်း၏ နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပရမည်-

(က) အသင်းနှစ် တစ်နှစ်လျှင် တစ်ကြိမ်ကျင်းပရမည်။ အစည်းအဝေးတစ်ခုနှင့် တစ်ခုအကြား ၁၅လထက် မကျော်စေရ။

(ခ) အစည်းအဝေးကျင်းပရန်ရက်၊ အချိန်နှင့်နေရာတို့ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ရွေးချယ်သတ်မှတ်နိုင်သည်။

(ဂ) အစည်းအဝေးဖိတ်စာကို ကျင်းပမည့်ရက်မတိုင်မီ ၂၁ ရက် ကြိုတင်၍ အသင်းသားများ ထံလူကိုယ်တိုင်၊ စာတိုက်ကြေးနန်း၊ အီးမေးလ်၊ ဖက်စ်စသည့် သင့်လျော်ရာ နည်းလမ်းများဖြင့် ပေးပို့သည့်အပြင် သတင်းစာ၊ ဂျာနယ်စသည်တို့တွင် ထည့်သွင်း ဖော်ပြခြင်း၊ Website တင်ခြင်း၊ ကြော်ငြာ ဘုတ်ထောင်ခြင်း၊ လက်ကမ်းစာဖြန့်ဝေခြင်း စသည်ဖြင့် အသိပေးဆောင်ရွက်ရမည်။

(ဃ) အစည်းအဝေးအစီအစဉ်(ယာယီ)၊ ပြီးခဲ့သောတစ်နှစ်တာကာလအတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းတို့ကိုလည်း အသင်းသား များထံ ကြိုတင်ပေးပို့ရမည်။

(င) အသင်းသားများ၏ အကြံပြုလွှာများ၊ မေးခွန်းများကို ရက်သတ်မှတ်၍ ဖိတ်ခေါ်ပြီး သတ်မှတ်ရက်အတွင်း ရောက်ရှိလာသောမေးခွန်းများကို အစည်းအဝေးတွင် နှုတ်ဖြင့် ဖြေကြားပေးရမည်။ အချိန်လွန်မှ ရောက်လာပါက စာဖြင့်ဖြေကြားချက်ကို သီးခြား ပေးပို့ရမည်။

(စ) အသင်းသားအရည်အချင်းပြည့်မီသော အသင်းသားဦးရေ၏ ၄ဂ ရာခိုင်နှုန်း(သို့) အသင်းသားဦးရေ အနည်းဆုံး ၅ဂ ဦးတက်ရောက်ပါက အစည်းအဝေး အထမြောက်သည်။

(ဆ) ပထမအကြိမ်တွင် ခိုင်လုံသော အကြောင်းတစုံတခုကြောင့် ဖြစ်စေ၊ တက်ရောက်သူအရေအတွက် မပြည့်မီ၍ ဖြစ်စေ မကျင်းပနိုင်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းနိုင်သည်။

(ဇ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ရွှေ့ဆိုင်းခဲ့သည့် အစည်းအဝေးကို ဒုတိယအကြိမ်ကျင်းပရန် ရက်၊ အချိန်နှင့်နေရာတို့ကို ရွေးချယ်သတ်မှတ်၍ အထက်ပါအပိုဒ် ၄၃(ဂ) ပါ နည်းလမ်းအတိုင်း ထပ်မံဖိတ်ကြား အသိပေးရမည်။

(ဈ) ဒုတိယအကြိမ်ကျင်းပသည့် အစည်းအဝေးတွင် တက်ရောက်လာသမျှသော အသင်းသားဦးရေဖြင့် အစည်းအဝေးအထမြောက်ပြီး လိုအပ်သော လုပ်ငန်းကိစ္စများကို ဆွေးနွေးဆုံးဖြတ် ဆောင်ရွက်နိုင်သည်။

(ည) အစည်းအဝေးအစီအစဉ်တွင် အောက်ပါအချက်များနှင့် အခြားလိုအပ်သော အချက်များကို ထည့်သွင်းရေးဆွဲ ဆောင်ရွက်နိုင်သည်-

(၁) သဘာပတိနှင့် အထူးဧည့်သည်တော်များက အမှာစကားပြောကြားခြင်း။

(၂) ပြီးခဲ့သော နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးမှတ်တမ်း၊ ပြီးခဲ့သော တစ်နှစ်တာကာလအတွင်း အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စနစ်တကျ စာရင်းစစ်ဆေးထားပြီးသော နှစ်ချုပ်ငွေစာရင်း ရှင်းတမ်းတို့ကို ဖတ်ကြားတင်သွင်း၍ အတည်ပြုချက်ရယူခြင်း။

(၃) အချိန်မီလက်ခံရရှိသော မေးခွန်းနှင့် အကြံပြုချက်များကို ဖြေကြားဆွေးနွေးခြင်း။

(၄) အလုပ်အမှုဆောင်အဖွဲ့၏သတ်မှတ်သက်တမ်းပြည့်မြောက်ပါက (အလုပ်အမှုဆောင်အဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ခြင်းကို သတ်မှတ်ထားသည့်အတိုင်း စနစ်တကျကျင်းပပြီး) ရွေးချယ်တင်မြှောက်ခံရသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အမည်စာရင်းကိုလည်းကောင်း၊ ရွေးချယ်လျာထားသော နာယကအဖွဲ့ဝင်များ နှင့် အကြံပေးပုဂ္ဂိုလ်များ၏ အမည်ကို လည်းကောင်း ဖတ်ကြားကြေညာခြင်း။

(ဥ) နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးမှတ်တမ်းကို စနစ်တကျရေးသား ပြုစု၍ ကုမ္ပဏီများ မှတ်ပုံတင်ရုံးနှင့် သက်ဆိုင်ရာဌာနများသို့ ၁၅ ရက်အတွင်း ပေးပို့ရမည်။

## ၄၄။ အသင်းသားစုံညီအထူးအစည်းအဝေးကျင်းပခြင်း။

အသင်း၏ အသင်းသားစုံညီ အထူးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပရမည်-

(က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ကျင်းပရန် လိုအပ်သည်ဟု ဆုံးဖြတ်သည့်အခါ ဖြစ်စေ၊ အနည်းဆုံးအသင်းသားဦးရေ (၁၀၀) က ယင်းအထူးအစည်းအဝေး ခေါ်ယူပေးပါရန် အကြောင်းပြချက် ခိုင်လုံစွာစာဖြင့် ကိုယ်တိုင်လက်မှတ်ရေးထိုး တောင်းဆိုသည့်အခါဖြစ်စေ ကျင်းပနိုင်သည်။

(ခ) အစည်းအဝေးဖိတ်စာကိုအစည်းအဝေးဖိတ်ခေါ်ကျင်းပရခြင်းအကြောင်းနှင့်ယာယီအစီအစဉ် တို့နှင့်အတူအသင်းသားများထံ(၁၀)ရက်ကြိုတင်၍သင့်လျော်ရာနည်းလမ်းများဖြင့် ဖိတ်ကြား ရမည်။

(ဂ) အစည်းအဝေးတွင် အသင်းသားအရည်အချင်းပြည့်မီသော အသင်းသားဦးရေ ၏ ၂၅%(သို့) အသင်းသားဦးရေ ၃၅ ဦး တက်ရောက်ပါက အစည်းအဝေး အထမြောက်သည်။ အသင်းသားဦးရေ သတ်မှတ်သည့်အတိုင်း မပြည့်လျှင် လည်းကောင်း၊ အခြားခိုင်လုံသော အကြောင်းရှိလျှင်လည်းကောင်း၊ အစည်းအဝေးကို ရွှေ့ဆိုင်းနိုင်သည်။ အသင်းသားများက စာရေးသား တောင်းဆိုသောကြောင့် ဖိတ်ခေါ်ပေးရသော အစည်းအဝေးဖြစ်ပါက ယင်းအစည်းအဝေးကို ရက်မရွှေ့တော့ဘဲ တစ်ခါတည်း ဖျက်သိမ်းလိုက်ရမည်။

(ဃ) ဒုတိယအကြိမ်ခေါ်ယူသော အသင်းသားစုံညီအထူးအစည်းအဝေးတွင် တက်ရောက် လာသမျှသော အသင်းသားဦးရေဖြင့် အစည်းအဝေးအထမြောက်ပြီး လိုအပ်သော လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ် ဆောင်ရွက်နိုင်သည်။

(င) အစည်းအဝေးမှတ်တမ်းကို စနစ်တကျရေးသားပြုစု၍ ကုမ္ပဏီများ မှတ်ပုံတင် အရာရှိနှင့် သက်ဆိုင်ရာဌာနများသို့ ၁၅ ရက်အတွင်း ပေးပို့ရမည်။

## ၄၅။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကျင်းပခြင်း။

အသင်းဗဟိုအလုပ်အမှုဆောင် အဖွဲ့၏ ပုံမှန်အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပရမည်-

(က) အနည်းဆုံးတစ်လလျှင် တစ်ကြိမ် ကျင်းပရမည်။ အသင်း၏လိုအပ်ချက်အရ အတိုးအလျှော့ ပြုလုပ်နိုင်သည်။ ပုံမှန်အစည်းအဝေး ကျင်းပမည့်ရက်ကို တစ်နှစ်စာ ကြိုတင်ရေးဆွဲ လျာထား၍ အဖွဲ့ဝင်များအား အသိပေးရမည်။

(ခ) အစည်းအဝေးကျင်းပမည့်ရက် မတိုင်မီ ၅ ရက်ကြိုတင်၍ ဖိတ်စာကို သင့်လျော်ရာနည်းဖြင့် ပေးပို့အကြောင်းကြားရမည်။

(ဂ) မလွှဲမရှောင်သာသောအကြောင်းကြောင့် သတ်မှတ်ရက်တွင် မကျင်းပနိုင်လျှင် ၁၅ ရက် ထက် မကျော်စေဘဲ ရက်ရွှေ့ဆိုင်းနိုင်သည်။

(ဃ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေ၏ ၄၀% (သို့မဟုတ်) ၅ ဦး တက်ရောက်ပါက ဗဟိုအလုပ်အမှုဆောင်အစည်းအဝေး အထမြောက်သည်။ ပထမအကြိမ်တွင် အစည်းအဝေး

အထမမြောက်ပါက ၁၀ ရက်အတွင်း ဒုတိယအကြိမ် ခေါ်ယူကျင်းပရမည်။ ဒုတိယအကြိမ်တွင် ၂၅% (သို့မဟုတ်) ၃ ဦး တက်ရောက်ပါက အစည်းအဝေး အထမြောက်သည်။

(င) အစည်းအဝေးတွင် မဲခွဲ၍ အဆုံးအဖြတ်ရယူရန် လိုအပ်လာပါက အပိုဒ် ၄၉ တွင် ဖော်ပြထားသော နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။

(စ) အစည်းအဝေးမှတ်တမ်းကို ၁၀ ရက်အတွင်း စနစ်တကျရေးသားပြုစု၍ သက်ဆိုင်သူများထံ အမြန်ပေးပို့ရမည်။

(ဆ) လိုအပ်သည့်အခါ ပုံမှန်အစည်းအဝေးအပြင် သင့်လျော်သောရက်တွင် အထူး/ အရေးပေါ် အစည်းအဝေးအဖြစ် ဖိတ်ကြား၍ ကျင်းပနိုင်သည်။

## ၄၆။ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပခြင်း။

အသင်း အလုပ်အမှုဆောင်အဖွဲ့၏ ပုံမှန်အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပဆောင်ရွက်ရမည်-

(က) အနည်းဆုံး ၂လ လျှင်တစ်ကြိမ် ပုံမှန်ကျင်းပရမည်။ အသင်း၏လိုအပ်ချက်အရ အတိုးအလျော့ ပြုလုပ်နိုင်သည်။ ပုံမှန်ကျင်းပရန်ရက်ကို တစ်နှစ်စာ ကြိုတင်ရေးဆွဲလျာထား၍ အဖွဲ့ဝင်များအား အသိပေးထားရမည်။

(ခ) အစည်းအဝေးကျင်းပမည့်ရက်မတိုင်မီ ၇ ရက်ကြိုတင်၍ ဖိတ်စာကို သင့်လျော် ရာနည်းဖြင့် ပေးပို့ အကြောင်းကြားရမည်။

(ဂ) အလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေ၏ ၄၀%(သို့မဟုတ်) (၇)ဦးတက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။ ပထမအကြိမ်တွင် အစည်းအဝေး အထမမြောက်ပါက ၁၅ ရက်အတွင်း ဒုတိယအကြိမ် ဖိတ်ကြားခေါ်ယူ ကျင်းပရမည်။ ဒုတိယအကြိမ် အစည်းအဝေးတွင် တက်ရောက်လာသမျှသော အလုပ်အမှုဆောင်ဦးရေဖြင့် အစည်းအဝေး အထမြောက်သည်။

(ဃ) အစည်းအဝေးတွင် မဲခွဲ၍ အဆုံးအဖြတ်ရယူရန် လိုအပ်ပါက အပိုဒ် ၄၉ တွင် ဖော်ပြထားသော နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။

(င) အစည်းအဝေးမှတ်တမ်းကို ၁၀ ရက်အတွင်း စနစ်တကျရေးသားပြုစု၍ သက်ဆိုင်သူများထံ အမြန်ပေးပို့ရမည်။

(စ) လိုအပ်သည့်အခါ ပုံမှန်အစည်းအဝေးအပြင် သင့်လျော်သောရက်တွင် အထူး/ အရေးပေါ် အစည်းအဝေးအဖြစ် ဖိတ်ကြား၍ ကျင်းပနိုင်သည်။

## ၄၇။ ရေးရာလုပ်ငန်းကော်မတီများ၏ အစည်းအဝေးများ ကျင်းပခြင်း။

အသင်းတွင် လုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းထားသော ရေးရာလုပ်ငန်းကော်မတီ တစ်ခုချင်းသည် အစည်းအဝေး များကို အောက်ပါအတိုင်း ကျင်းပဆောင်ရွက်ရမည်-

(က) အနည်းဆုံး ၂ လလျှင်တစ်ကြိမ် ပုံမှန်အစည်းအဝေးကျင်းပရမည်။ ပုံမှန်အစည်းအဝေး ကျင်းပရန်ရက်ကို ကြိုတင်ရေးဆွဲလျာထား၍ ကော်မတီဝင်များအား အသိပေးထားရမည်။

(ခ) အစည်းအဝေးကျင်းပမည့်ရက်မတိုင်မီ ၅ ရက်ကြိုတင်၍ ဖိတ်စာကို သင့်လျော် ရာနည်းဖြင့် ပေးပို့အကြောင်းကြားရမည်။

(ဂ) ကော်မတီဝင်ဦးရေ၏ ၂၅% တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။ ပထမအကြိမ်တွင် အစည်းအဝေး အထမမြောက်ပါက ၇ ရက်အတွင်း ထပ်မံဖိတ်ကြား၍ ကျင်းပရမည်။

(ဃ) အစည်းအဝေးတွင် ရေးရာလုပ်ငန်းကော်မတီ၏ လုပ်ငန်းများနှင့်သက်ဆိုင်သော ကိစ္စရပ်များကို တင်ပြဆွေးနွေး ဆုံးဖြတ်နိုင်သည်။

(င) အစည်းအဝေးမှတ်တမ်းကို ၁၀ ရက်အတွင်း စနစ်တကျရေးသားပြုစုပြီးလျှင် သက်ဆိုင်ရာပုဂ္ဂိုလ်များထံ အမြန်ဖြန့်ဝေရမည်။

## ၄၈။ <u>အခြားအစည်းအဝေးများ ကျင်းပခြင်း။</u>

အသင်း၏လုပ်ငန်း လိုအပ်ချက်အရ အခြားအစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပနိုင်သည်-

(က) ဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ တွေ့ဆုံပွဲ၊ ပြပွဲ၊ နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး စသည့် အခမ်းအနားများ ကျင်းပရေးအတွက် လုပ်ငန်းညှိနှိုင်းသည့် အစည်းအဝေးများ။

(ခ) နိုင်ငံခြားဧည့်သည်များ၊ ကျွမ်းကျင်သူများအား လက်ခံတွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးများ။

(ဂ) ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၏ လိုအပ်ချက်အရ အထူးဖိတ်ကြား ဆွေးနွေးသော အစည်းအဝေးများ။

(ဃ) အရေးပေါ်ကိစ္စလိုအပ်ချက်အရ ဖိတ်ကြားဆွေးနွေးသော အစည်းအဝေးများ။

## ၄၉။ <u>မဲဆန္ဒပေးခြင်း။</u>

အစည်းအဝေးတစ်ခုခုတွင် မဲခွဲ၍ မဲဆန္ဒပေးခွင့်ရှိသူများ၏ အများဆန္ဒကို ရယူဆုံးဖြတ်ရန် အခြေအနေဖြစ်ပေါ်လာသည့်အခါ အခြားနည်းသတ်မှတ်ချက်မရှိပါက အောက်ပါနည်းလမ်းတစ်ခုခုကို အသုံးပြု၍ ဆန္ဒမဲရယူနိုင်သည်-

(က) အစည်းအဝေးတက်ရောက်သော မဲဆန္ဒရှင်များအား ဆုံးဖြတ်ရန်အချက်ကို ကြေညာအသိပေး၍ သဘောတူ-မတူ (သို့မဟုတ်) ကန့်ကွက်ရန်ရှိ-မရှိ ၃ကြိမ် မေးမြန်း၍ အသံဖြင့်ဆန္ဒယူသည့်စနစ် (သို့မဟုတ်) လက်ထောင်သည့်စနစ်ကို ကျင့်သုံးပြီး ဆန္ဒမဲများရာဘက်ကို အနိုင်ပေး ဆုံးဖြတ်ပေးနိုင်သည်။

(ခ) အထူးကိစ္စရပ်အဖြစ် လိုအပ်လာပါက အစည်းအဝေးတက်ရောက်လာသော မဲဆန္ဒပေးခွင့်ရှိသူများ၏ လျှို့ဝှက်ဆန္ဒမဲကို ရယူပြီး ဆန္ဒမဲများရာဘက်ကို အနိုင်ပေး ဆုံးဖြတ်ပေးရမည်။

(ဂ) ဆန္ဒမဲအရေအတွက်ချင်း တူညီနေပါက သဘာပတိက တစ်ဘက်ဘက်သို့ ဆန္ဒမဲပေး၍ ဆုံးဖြတ်ပေးရမည်။

(ဃ) ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် တစ်ကြိမ်အတွက် ဆန္ဒမဲတစ်မဲသာ ပေးခွင့်ရှိ သည်။

# အခန်း ၁၀

## အသင်း၏ ဘဏ္ဍာရေးကိစ္စထိန်းသိမ်းဆောင်ရွက်ခြင်း။

**၅၀။ ကိုယ်ပိုင်ရန်ပုံငွေထူထောင်ခြင်းနှင့် ကြီးကြပ်ထိန်းသိမ်းခြင်း။**

အသင်း၏ လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် လိုအပ်သောဘဏ္ဍာငွေ အရ အသုံးကိစ္စများနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အသင်း၏ လုပ်ငန်းများအတွက် ကိုယ်ပိုင်ရန်ပုံငွေထူထောင်၍ စနစ်တကျထိန်းသိမ်း ဆောင်ရွက်ရမည်။

(ခ) အသင်းသားများထံမှ အသင်းဝင်ကြေး၊ နှစ်စဉ်ကြေး၊ ဂန်ဆောင်ခစသည်တို့ကို လိုအပ်သလို သတ်မှတ်ကောက်ခံနိုင်သည်။

(ဂ) အသင်းသားများနှင့် ပြင်ပပုဂ္ဂိုလ်များထံမှ သင်တန်းကြေး၊ ဂန်ဆောင်ခ စသည် တို့ကို လိုအပ်သလို သတ်မှတ်ကောက်ခံနိုင်သည်။

(ဃ) ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများထံမှ အလှူငွေများ၊ ထောက်ပံ့ ငွေများ၊ ချီးမြှင့်ငွေများ၊ ချေးငွေများ စသည်တို့ကို လက်ခံရယူခွင့်ရှိသည်။

(င) အသင်းပိုင်ပြည်တွင်းသုံးကျပ်ငွေနှင့် နိုင်ငံခြားငွေတို့ကို သင့်လျော်ရာဘဏ်များတွင် သီးခြား ဘဏ်စာရင်းများ ဖွင့်လှစ်အပ်နှံထားရှိပြီး ဘဏ္ဍာရေးစည်းမျဉ်းများ နှင့်အညီ ထိန်းသိမ်း ဆောင်ရွက်ရမည်။

(စ) အသင်း၏ ရန်ပုံငွေ တိုးပွားစေရေးအတွက် လတ်တလောသုံးစွဲရန် မလိုသေးသည့် ရန်ပုံငွေ ပမာဏကို ဖြစ်စေ၊ ချေးငွေရယူ၍ ဖြစ်စေ၊ ဘဏ္ဍာရေးစည်းမျဉ်း နှင့်အညီ လိုအပ်သလို စီမံခန့်ခွဲဆောင်ရွက်နိုင်သည်။

(ဆ) အသင်း၏ ရန်ပုံငွေများကို နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲလျာထား၍ ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ စနစ်တကျ ထိန်းသိမ်းစီစစ်သုံးစွဲရမည်။

(ဇ) အသင်းပိုင်ရန်ပုံငွေများကို အသင်း၏ အကျိုးစီးပွားနှင့်သက်ဆိုင်သော လုပ်ငန်း ကိစ္စရပ်များ တွင်သာ သုံးစွဲရမည်။

(ဈ) အသင်းပိုင်ရန်ပုံငွေများကို သုံးစွဲခွင့်ချမှတ်ပေးနိုင်သော ပုဂ္ဂိုလ်များနှင့် ယင်းပုဂ္ဂိုလ်များ၏ တစ်ကြိမ်လျှင် သုံးစွဲခွင့်ပြုနိုင်သည့် ငွေကြေးပမာဏကို လည်းကောင်း၊ ဘဏ်စာရင်းမှ ငွေအထုတ်အသွင်းပြုလုပ်ရာတွင် လက်မှတ်ရေးထိုးခွင့်ရှိသည့် ပုဂ္ဂိုလ်များကို လည်းကောင်း၊ လက်ဂယ်ထားရှိသုံးစွဲပိုင်ခွင့် ပမာဏကိုလည်းကောင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ရွေးချယ် သတ်မှတ်၍ တာဂန်ပေးအပ်ထားရမည်။

(ည) အသင်း၏ ငွေစာရင်းများကို စာရင်းစစ်က အခါအားလျော်စွာ စစ်ဆေးရမည်။

(ဋ) အသင်း၏ ရငွေသုံးငွေကိစ္စများနှင့် ဘဏ္ဍာရေးအခြေအနေကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများတွင် တင်ပြ၍ ခွင့်ပြုချက်များ၊ အတည်ပြုချက်များ ရယူရမည်။

(ဌ) အသင်း၏ ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် နှစ်ချုပ် ငွေစာရင်း ရှင်းတမ်းနှင့် စာရင်းစစ် အစီရင်ခံစာတို့ကို အသင်းချုပ်၏ နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးတွင် တင်သွင်း၍ အတည်ပြုချက် ရယူရမည်။

(ဍ) အသင်း၏ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ကျင်းပ ပြီးသည့်နေ့မှ ၁၅ ရက်အတွင်း ကုမ္ပဏီများမှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။

## အခန်း ၁၁
## အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို ပြင်ဆင်ခြင်း။

၅၁။ **ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို ပြင်ဆင်ရန်နည်းလမ်း။**

အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိုဖြစ်စေ၊ ပါဝင်ဖော်ပြထားသော အချက်အလက်များကိုဖြစ်စေ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ပယ်ခြင်း၊ ရုတ်သိမ်းခြင်း၊ အသစ်ရေးဆွဲ အစားထိုးခြင်း စသည်ဖြင့်ပြုလုပ်ရန် လိုအပ်လာပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အသင်းသားစုံညီအစည်းအဝေးတစ်ခုခုတွင် တင်သွင်း၍ ဆန္ဒခံယူပြီး အတည်ပြုချက်ရယူရမည်။

(ခ) ပြင်ဆင်ပြောင်းလဲလိုသောအချက်များနှင့်ပတ်သက်၍ ယင်းအသင်းသားစုံညီ အစည်းအဝေး မကျင်းပမီ ၁၀ ရက်ကြိုတင်ပြီး အသင်းသားများထံ သင့်လျော်ရာ နည်းဖြင့် အသိပေး အကြောင်းကြားရမည်။

(ဂ) အသင်းသားစုံညီအစည်းအဝေး တက်ရောက်လာသူ အသင်းသားဦးရေ၏ ၅၀%အထက် က သဘောတူညီကြောင်း ဆန္ဒပြုလျှင် အတည်ဖြစ်သည်။

(ဃ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြင်ဆင်ချက်များကို ကုမ္ပဏီများ မှတ်ပုံတင်အရာရှိထံ အသိပေး တင်ပြရမည်။

## အခန်း ၁၂
## အထွေထွေ

၅၂။ **အသင်းဖျက်သိမ်းခြင်း။**

အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာပါက အသင်းကို စာရင်းရှင်းလင်းဖျက်သိမ်းနိုင်သည်-

(က) စာရင်းရှင်းလင်းဖျက်သိမ်းရန် အသင်းသားအများစုက ဆန္ဒရှိခြင်း။

(ခ) လူမွဲခံခြင်းအက်ဥပဒေအရ လူမွဲအဖြစ် တရားရုံးက အမိန့်ချမှတ်ခြင်း။

(ဂ) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ အသင်းဖျက်သိမ်းရန် သက်ဆိုင်ရာဝန်ကြီးဌာနက ဖြစ်စေ၊ တရားရုံးကဖြစ်စေ အမိန့်ချမှတ်ခြင်း။

၅၃။ **ဖျက်သိမ်းရန်နည်းလမ်း ။**

အသင်းကို စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး (သို့မဟုတ်) အသင်းသားစုံညီ အထူးအစည်းအဝေးတွင် တင်သွင်းဆုံးဖြတ်ရမည်။ မဲခွဲရန်ဖြစ်ပါက အပိုဒ် ၄၉ ပါ အတိုင်း ဆောင်ရွက်ရမည်။

(ခ) စာရင်းရှင်းလင်း ဖျက်သိမ်းမည့်အကြောင်းကို ယင်းအစည်းအဝေးမကျင်းပမီ ၁၀ရက် ကြိုတင်၍ အသင်းသားတစ်ဦးချင်းထံသို့ စာဖြင့်အသိပေး အကြောင်းကြားရမည်။

(ဂ) အသင်းသားစုံညီအစည်းအဝေးတက်ရောက်သော အသင်းသားဦးရေအနက် ၄ပုံ ၃ပုံ ၏ ဆန္ဒဖြင့် အသင်းကိုဖျက်သိမ်းရန် ဆုံးဖြတ်နိုင်သည်။

(ဃ) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါ ပြဌာန်းချက်များနှင့်အညီ စနစ်တကျ စာရင်းရှင်းလင်း ဖျက်သိမ်းရမည်။

**၅၄။ အသင်းဖျက်သိမ်းသောအခါငွေကြေးတာဝန် ။**

အသင်းဖျက်သိမ်းသောနေ့တွင် အသင်းသားဖြစ်သူနှင့် ထိုနေ့မတိုင်မီ တစ်နှစ်အတွင်း အသင်းသား အဖြစ်မှ ရပ်စဲခဲ့သောသူ မည်သူမဆို အသင်းသား ဖြစ်စဉ်က အသင်းကို ဖျက်သိမ်းရာ၌ ကုန်ကျသောစရိတ်ကြေးငွေအတွက် ဝေပုံကျ အသီးသီး ပေးလျော်ရန်တာဝန်ရှိသည်။ ယင်းသို့ အသင်းသားအချင်းချင်း ပေးလျော်ရန်တာဝန်ကို ဝေပုံချရာ၌ အသင်းသားတစ်ဦး၏ သာမန်တာဝန်မှာ မိမိပေးဆောင်ရသော နှစ်စဉ်ကြေးထက် မပိုစေရ။

**၅၅။ ဖောက်ဖျက်သူ၏တာဝန် ။**

အကယ်၍ တစုံတစ်ယောက်သော အသင်းသားသည် ဖွဲ့စည်းပုံအခြေခံမှတ်တမ်း အပိုဒ် ၅(ခ) ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်၍ အသင်းပိုင်ပစ္စည်းများကို အမြတ်ဖြင့် သော် လည်းကောင်း၊ ဆုအဖြစ်သော် လည်းကောင်း၊ တခြားတနည်းနည်းဖြင့် သော်လည်းကောင်း မည်သူ့အားမဆို ပေးကမ်းခဲ့သော် (သို့မဟုတ်) လွှဲပြောင်းပေးကမ်းသည်ကို လက်ခံခဲ့သည်ရှိသော် ထိုကျူးလွန်သူသည် အပြေအကြေပေးလျော်ရမည်။

**၅၆။ အသင်းဖျက်သိမ်းပြီးနောက် ကျန်ငွေနှင့်ပစ္စည်းများကို စီမံခန့်ခွဲခြင်း။**

အသင်းကိုဖျက်သိမ်း၍ ပေးလျော်ရန်ရှိသော ကြွေးမြီတာဝန်အားလုံးကို ရှင်းလင်းပြီးသည့် နောက် အသင်းပိုင်ငွေနှင့် ပစ္စည်းတစုံတစ်ရာ ကျန်ရှိသေးလျှင် ယင်းသို့ကျန်ရှိသောပစ္စည်းကို အသင်းသားများအား ဝေငှပေးကမ်း လွှဲပြောင်းခြင်းမပြုဘဲ အသင်းဖျက်သိမ်းသောအခါဖြစ်စေ၊ မဖျက်သိမ်းမီဖြစ်စေ၊ အသင်းနှင့်ရည်ရွယ်ချက်ချင်း တူညီသော အခြားအသင်းအား လွှဲပြောင်း လှူဒါန်းရမည်။ ထိုသို့ပြုလုပ်ရန် ပျက်ကွက်ခဲ့လျှင် တိုက်ဂစ္စမျိုး၌ စီရင်ခွင့်အာဏာရှိသော တရားရုံး အမိန့်အရ လွှဲပြောင်းလှူဒါန်းရမည်။

ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ လ၊ ၂၆ ရက်နေ့တွင် ကျင်းပသော ဤအသင်း၏ အသင်းသားစုံညီ အထူးအစည်းအဝေးတွင် တက်ရောက်သူအားလုံးက တညီတညွတ် တည်း သဘောတူလက်ခံကြောင်း ဆုံးဖြတ် အတည်ပြုကြပါသည်။

ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများသည် အသင်း၏ ၂၀၁၈ - ၂၀၂၀ သက်တမ်းကာလမှ စတင်၍ အကျုံးဝင်သည်။

၁၃၈၀ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၆ ရက်